# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၆၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် လှိုင်သာယာအနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးစဉ်။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ

# မန္တလေး၊ ရန်ကုန်၊ တောင်ကြီးမြို့တို့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီး

နေပြည်တော် ဇွန် ၂၆

၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပပြီး တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့နှင့် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့၌ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ ဖျက်ဆီးခြင်းအစီအစဉ်များကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တစ်ပြိုင်တည်းကျင်းပ၍ အထိမ်းအမှတ်နေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪


*ယနေ့ ဖတ် စ ရာ*


ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသည့် တရုတ် - မြန်မာ ဆက်ဆံရေး (ဆောင်းပါး) စာ ၁၀

ဇန်နဝါရီလမှ မေလအတွင်း အစ္စတန်ဘူလ်သို့ နိုင်ငံခြားခရီးသွား ခုနစ်သန်းနီးပါး ဝင်ရောက် (နိုင်ငံတကာသတင်း) စာ ၁၃

မြန်မာ့ဂီတနေ့ကို ကြိုဆိုပါသည် (ဆောင်းပါး) စာ ၁၆

## ◆ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဘိန်း ၁၃၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၂၁၇၈ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၉ သန်းကျော်၊ အိုက်စ် ၂၃၃၉၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၇၇၅ ကီလိုကျော်၊ ဆေးခြောက် ၁၂၅၇ ကီလိုကျော်၊ ကက်တမင်း ၄၁၆၅ ကီလိုကျော်နှင့် ဘိန်းညီမှုန့် ၁၂ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၇ မျိုး၊ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၁၆၃ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၃၄၉ ဒသမ ၄၄၃ သန်း)တို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်

*ရွှေဖုံးမှ*

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းကို **နံနက် ၁၀ နာရီခွဲတွင်** တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းနှင့် ထီဖောင်းကျေးရွာအုပ်စုတို့၌ ပြုလုပ်ရာ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်** ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ မြို့မိ/မြို့ဖများ တက်ရောက်ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်းကီလို ၆၀၀ ကျော်၊ ဘိန်းဖြူ ကီလို ၁၀၃၇ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၁ သန်းကျော်၊ အိုက်စ် ၄၇၇၁ ကီလိုကျော်၊ ကက်တမင်း ၇၆၄ ကီလိုကျော်၊ ဆေးခြောက် ၂၅၆ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၇ မျိုးနှင့် ဓာတုပစ္စည်း ၂၅ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၅၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၀၁၃ သန်း)ကို ဖျက်ဆီးခဲ့သည်။

### လှည့်လည်ကြည့်ရှု

ထို့ပြင် **နံနက် ၈ နာရီတွင်** ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ပြုလုပ်ရာ **ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် ပြည်နယ်အဆင့် ဆုရရှိသူများ** တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ်မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် ပြည်နယ်အဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အဖွဲ့ဝင်များ တောင်ကြီးမြို့၌ မူးယစ်ဆေးဝါးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



တောင်ကြီးမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးစဉ်။

### မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားပြုလုပ်

ထို့အတူ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ လှိုင်သာယာအနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားပြုလုပ်ရာ **ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ** တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အမြန်လမ်းရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိသော ဘိန်း ၀ ဒသမ ၂၆၂ ကီလိုကျော်၊ ဘိန်းဖြူ ၅၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂ သန်းကျော်၊ အိုက်စ် ၉၅၇၄ ကီလိုကျော်၊ ဘိန်းစာ မှုန့် ၁၇၇၅ ကီလိုကျော်၊ ကက်တမင်း ၂၃၈၂ ကီလို ကျော်၊ ဆေးခြောက် ၅၄၁ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၁၁ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၂၈၉ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၈၉ သန်း) ကို ဖျက်ဆီးခဲ့သည်။

### ဆုရရှိသူများအား ဆုချီးမြှင့်

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ **နံနက် ၁၀ နာရီခွဲတွင်** ပြုလုပ်ရာ **ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်း မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများ** တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ မန္တလေးမြို့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်ကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်)ရပ်ကွက်ရှိ လေယာဉ်ကွင်း

*စာမျက်နှာ ၄ သို့*



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့၌ မူးယစ်ဆေးဝါးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ မန္တလေးမြို့၌ မူးယစ်ဆေးဝါးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

အဟောင်း၌ ပြုလုပ်ရာ **မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရဲအရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ရဲဆက်ဆံရေးအရာရှိကြီးနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး** မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၇၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၁၀၈၅ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၅ သန်းကျော်၊ အိုက်စ်ကီလို ၉၀၀၀ ကျော်၊ ကက်တမင်း ၁၀၁၈ ကီလိုကျော်၊ ဆေးခြောက် ၄၅၈ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၁ မျိုးနှင့် ဓာတုပစ္စည်းအမျိုး ၂၀ တို့၏ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၁၈ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၁၂၅ ဒသမ ၅၄ သန်း) ကို ဖျက်ဆီးခဲ့သည်။

**စုစုပေါင်း တန်ဖိုး မြန်မာငွေကျပ်**
**၁၁၆၃ ဘီလီယံကျော် ဖျက်ဆီးခဲ့**

ယခုနှစ်တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီးခြင်း အစီအစဉ်များကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဘိန်း ၁၃၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၂၁၇၈ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၉ သန်းကျော်၊ အိုက်စ် ၂၃၃၉၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၇၇၅ ကီလိုကျော်၊ ဆေးခြောက် ၁၂၅၇ ကီလိုကျော်၊ ကက်တမင်း ၄၁၆၅ ကီလိုကျော်နှင့် ဘိန်းညိုမှုန့် ၁၂ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၇ မျိုး၊ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၄၉ ဒသမ ၄၄၃ သန်း) တို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

**အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြား ဖမ်းဆီးရမိဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်

**ထားဝယ် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ဘိန်းစိုက်ပျိုးမှု မရှိသော်လည်း နယ်စပ်ဒေသဖြစ်ပြီး ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှု ရှိသည့်အတွက် တိုင်းဒေသကြီးအဆင့် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့အနေဖြင့် လမ်းလွှဲမရောက်စေရန် ကြပ်မတ်ကွပ်ကဲ လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်က ဖတ်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက (၃၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများကို ဆုများချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကိုလည်းကောင်း၊ (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**ပဲခူး ဇွန် ၂၆**

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အရှိန်အဟုန်မြှင့် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် ဇွန် ၁၀ ရက်အထိ အမှုပေါင်း ၃၁၈ မှု၊ တရားခံ အမျိုးသား/အမျိုးသမီး ၅၂၆ ဦး၊ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၈၉ သန်းကျော်၊ ဆေးခြောက် ၈၆ ဒသမ ၉၄ ကီလို၊ ဘိန်းဖြူ ၁၇ ဒသမ ၃ ဂရမ်၊ ဘိန်းဆီခဲ ၁ ဒသမ ၄ ကီလို၊ ကတ်တမင်း ၂၁ ဒသမ ၄၀၅ ကီလို၊ ကတ်တမင်း ထိုးဆေးရည် ၁၆ လီတာ၊ အိုက်စ် ၁၀၅ ကီလို၊ အက်တက်ဆီနှစ်ပြား၊ စိတ်ပြောင်းဆေး Happy Water ၁ ဒသမ ၁၈၇ ကီလို စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံခန့် ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဘုံရန်သူအဖြစ် တိုက်ဖျက်ချေမှုန်းကြစေလိုကြောင်း ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့်ဆုရသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည် ကြည့်ရှုခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကို မူးယစ်ဆေးဝါး ကင်းမဲ့သည့်ဒေသ DRUG FREE REGION ဖြစ်လာစေရေး ဝိုင်းဝန်းကာကွယ်ကြရန်လို



နေပြည်တော် ဇွန် ၂၆

**(၃၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်းရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ပရဟိတအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ဗဟိုအဆင့်တွင် ဆုရရှိသူများနှင့် တိုင်းအဆင့် ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အကဲဖြတ်ဒိုင်များ၊ ဆုရကျောင်းသား ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါး ကင်းစင်သည့်နိုင်ငံ DRUG FREE NATION ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မိမိတို့အနေဖြင့်လည်း နေပြည်တော်ကို မူးယစ်ဆေးဝါး ကင်းမဲ့သည့်ဒေသ DRUG FREE REGION ဖြစ်လာစေရေး ဝိုင်းဝန်းကာကွယ်ကြရန် လိုအပ်ပါကြောင်း၊ လူသားများအားလုံး၏ ဘဝပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ပြီး ကျန်းမာပျော်ရွှင်သည့် လူ့အဖွဲ့အစည်း ဖြစ်လာစေရန် ပြည်သူလူထုတစ်ရပ်လုံးက လက်တွဲညီညီ အားသွန်ခွန်စိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှပေးပို့သည့် သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၃၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နေပြည်တော်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## လားရှိုးမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ




**လားရှိုး ဇွန် ၂၆**

(၃၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်သူရက ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အသိပညာပေးပြခန်းများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ရဲဝင်းအောင်နှင့် ဌာနဆိုင်ရာများက စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ခရိုင်အဆင့်သဘာဝဘေး သရုပ်ပြလေ့ကျင့်

**သာယာဝတီ ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ခရိုင်အဆင့်သဘာဝဘေး သရုပ်ပြလေ့ကျင့်ခြင်းကို မီးသတ်ဦးစီးဌာန၌ ဇွန် ၂၆ ရက် နံနက်က ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းက အမှာစကား ပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ရှာဖွေကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးက သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် အထပ်မြင့်တိုက်မှ ကြိုးဆင်နည်းဖြင့် သရုပ်ပြသပြီး We Love Tharyarwaddy ကန်တွင် ရေပြင်အသက်ကယ် လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြရာ သာယာဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။ **(အောက်ပုံ) သန့်ဇော် (ပြန်/ဆက်)**



## ရွှေဘိုမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီး

**ရွှေဘို ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂) တပ်မတော်ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။အခမ်းအနားတွင် ၂၀၂၂ -၂၀၂၃ ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၈၉ ပြား၊ ဆေးခြောက် ၀ ဒသမ ၂၅၉၆၄ ကီလို၊ ဘိန်းဖြူ ၀ ဒသမ ၀၀၉၈ ကီလို၊ ဘိန်းစိမ်း ၁၄ ဒသမ ၉၈၄၀၄ ကီလို စုစုပေါင်း တန်ဖိုးငွေကျပ် ၈၅၅၆၂၇၆၀ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦး၊ အမှတ်(၅) စစ်အုပ်ချုပ်ရေးနယ်မြေ စစ်နယ်မြေမှူးနှင့်အဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**



## ရွှေတောင်မြို့နယ်၌ မိုးရာသီ သစ်မျိုးစုံစိုက်ခင်း စိုက်ပျိုးပွဲကျင်းပ

**ရွှေတောင် ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မယားမာန် ကျေးရွာအုပ်စု ထန်းကုန်းကျေးရွာ၌ ယမန်နေ့က ၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်မျိုးစုံ စိုက်ခင်း စိုက်ပျိုးပွဲ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က သစ်ပင်စိုက်ပွဲ အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား ပျိုးပင်များ ပေးအပ်သည်။

အဆိုပါစိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ မယားမာန်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများ စုပေါင်း၍ ကျွန်း၊ ယမနေ၊ ခရေ၊ ကံ့ကော်၊ မယ်ဇယ် (သစ်မျိုးစုံ) အပင် စုစုပေါင်း ၁၁၀၈ ပင်တို့ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ ဂိုဒေါင်အား မီးရှို့ဖျက်ဆီးခံရမှုဖြစ်စဉ်အမှန်၊ AA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့မှာတော့ မီဒီယာတွေ မေးမြန်းနေကြတဲ့ မောင်တောမြို့နယ် မောင်တော-ဘူးသီးတောင်သွား ကားလမ်းရဲ့ တောင်ဘက်မှာရှိတဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ရဲ့ ဂိုဒေါင်ကို တပ်မတော်နဲ့ ဘင်္ဂါလီတွေက ဖျက်ဆီးခဲ့တယ်၊ လုယက်တယ်ဆိုတဲ့ ဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ ဖြစ်စဉ်အမှန်ကို ရှင်းလင်းပြောကြားလိုပါတယ်။ အဲ့ဒီမှာ အဲ့ဒီနယ်မြေဒေသရဲ့ အခြေအနေ အကြမ်းဖျင်းအနေနဲ့ကတော့ မောင်တော – ဘူးသီးတောင်သွား ကားလမ်းရဲ့ တောင်ဘက်မှာ ရှိပြီးတော့ အဲဒီနေရာမှာ အရင်တုန်းကတော့ UNHCR, WFP စတဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းတွေရဲ့ ရုံးတွေ၊ ဂိုဒေါင်တွေရှိပါတယ်။ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေ ပြင်းထန်လာပြီးနောက်ပိုင်းမှာ မေလကတည်းက အဲ့ဒီနေရာမှာ ရုံးထိုင်တဲ့ လူတွေမရှိတော့ဘဲနဲ့ နယ်မြေခံဘင်္ဂါလီအစောင့်တွေ လောက်သာထားခဲ့နိုင်ပြီးတော့ ပြန်သွားတဲ့ နေရာတွေဖြစ်ပါတယ်။ ဒီနေရာတွေနဲ့ ပတ်သက်ပြီးလည်း ဒီလုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ တပ်မတော်အနေနဲ့ကလည်း ဒီနေရာတွေအထိ ဝင်ရောက်ခြင်းမရှိသေးဘဲနဲ့ ဘေးကနေပဲ လုံခြုံရေးဆောင်ရွက်ပေးနေတဲ့ အနေအထားဖြစ်ပါတယ်။

ဒီဇွန်လ ၂၁ ရက်နေ့မှာတော့ မောင်တောမှာရှိတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလုံခြုံရေးအဖွဲ့က ဒီနေရာတွေကို ကင်းလှည့်ရပါတယ်။ ကင်းလှည့် ဆောင်ရွက်တဲ့နေရာမှာ ဒီ WFP ရုံးတွေ၊ ဂိုဒေါင်တွေရဲ့ အရှေ့ဘက် ဝေသာလီကျေးရွာအရောက်မှာ စိမ့်ဝင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ အဲဒီလိုတိုက်ပွဲဖြစ်ပွားချိန်မှာ AA အကြမ်းဖက်အဖွဲ့အနေနဲ့ Drone များကို အဓိကသုံးပြီးတော့ တိုက်ခိုက်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီမှာ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားနေပါတယ်။ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားနေတဲ့ အချိန်မှာပဲ AA အကြမ်းဖက်အဖွဲ့အနေနဲ့ အဲဒီ WFP ဂိုဒေါင်တွေကို ဝင်ရောက်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ အဓိကကတော့ အဲဒီမှာရှိနေတဲ့ ပစ္စည်းတွေကို လုယက်ဖို့ပဲ ဖြစ်ပါတယ်။ သူတို့နဲ့အတူ ဒေသခံ AA ထောက်ခံအားပေးနေတဲ့ ရခိုင်တိုင်းရင်းသားအချို့လည်း ပါဝင်တယ်ဆိုတာကို ဒေသခံဘင်္ဂါလီတွေရဲ့ ပြောကြားချက်အရ ကျွန်တော်တို့ သိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံဘင်္ဂါလီ ရွာသားများအနေနဲ့ အဲဒီမှာရှိတဲ့ ပစ္စည်းတွေ AA လက်ထဲမရောက်ရှိစေရေးအတွက် အနီးအနားမှာရှိတဲ့ လုံခြုံတဲ့နေရာတွေကို ဇွန်လ ၂၁ ရက်နေ့ကတည်းက စတင်ရွှေ့ပြောင်းခဲ့တယ်ဆိုတာ သိရပါတယ်။ ဇွန်လ ၂၂ ရက်နေ့မှာတော့ ဘယ်လိုရွှေ့ပြောင်းတယ်ဆိုတာကို သိလိုတဲ့အတွက် AA အနေနဲ့ Drone နဲ့ ကင်းထောက်ထောက်လှမ်းပြီး အဲဒီ WFP ဂိုဒေါင်တွေကို Drone နဲ့ ဗုံးကြဲခဲ့တယ်၊ Drop Bomb များချ တိုက်ခိုက်ခဲ့တယ်ဆိုတာကို သိရှိရပါတယ်။ ဒါကြောင့် ဒီဂိုဒေါင်တွေ တချို့ မီးလောင်ပျက်စီးခဲ့တယ်ဆိုတာလည်း တွေ့ရှိရပါတယ်။ သူတို့ ထုတ်ပြန်ထားတဲ့ပုံတွေမှာကြည့်ရင်ကို ဒီအချက်အလက်ကို သိသာနိုင်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ဂိုဒေါင်တွေဟာ ဂိုဒေါင်တွေနဲ့ အဲဒီအနီးအနားမှာရှိနေတဲ့ ရုံးတွေမှာ UN ဆိုတဲ့ ကုလသမဂ္ဂ အမှတ်အသားကို ဂိုဒေါင်အမိုးတွေမှာထင်ထင်ရှားရှားရေးထားတာ၊ ရုံးတွေမှာ ထင်ထင်ရှားရှားရေးထားတာတွေ့ရပါတယ်။ သိလျက်နဲ့လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့လို့လည်း ဂိုဒေါင်အမိုးတွေ Drop Bomb ဒဏ်ကြောင့်ပေါက်ပြဲပေါက်ကွဲပြီးတော့ မီးလောင်တာဖြစ်ပါတယ်။ ဒီဒေသခံတွေ သယ်ထုတ်ထားတဲ့ ဆန်အိတ်များကို ဒေသခံဘင်္ဂါလီများအနေနဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို လာရောက်သတင်းပို့ခဲ့တာရှိပါတယ်။ ဒါကြောင့် လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ ဇွန်လ ၂၂ ရက်နေ့မှာ မောင်တောမှာရှိတဲ့ ဒုက္ခသည်တွေကို ထောက်ပံ့ဖို့ ရည်ရွယ်ထားတဲ့ ဆန်အိတ်တွေဖြစ်တဲ့အတွက်ကြောင့် ရပ်ကွက် ၁၊ ၂၊ ၃၊ ၄၊ ကညင်တန်းရပ်ကွက်၊ မောင်နီရပ်ကွက် အဲဒီရပ်ကွက်တွေမှာရှိတဲ့ အိမ်ထောင်စု ၂၀၀၀ ကျော်ကို အိမ်ထောင်စုတစ်စုကို တစ်အိတ်စီနဲ့ ဆန်အိတ်များကို ဖြန့်ဝေပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ AA အနေနဲ့ ဘူးသီးတောင်မြို့နယ်အတွင်းမှာရှိတဲ့ ဘင်္ဂါလီများကိုလည်း နေအိမ်မှာ မနေနိုင်အောင် နှင်ထုတ်ပြီးဖြစ်ပါတယ်။ အလားတူပဲ မောင်တောကို တိုက်ခိုက်ဖို့လုပ်ဆောင်နေတဲ့ အချိန်မှာပဲ ဒေသခံဘင်္ဂါလီများ၊ ဒုက္ခသည်များကို ထောက်ပံ့ဖို့ ရည်ရွယ်ထားတဲ့ ပစ္စည်းများကို လုယူရန် ကြံစည်ခြင်းဖြစ်ပြီး မအောင်မြင်တဲ့အခါမှာ ယခုလို ဂိုဒေါင်ကို Drop Bomb ချပြီး မီးရှို့ခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ AA ရဲ့ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ငန်းတွေဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၄ ခုနှစ် မေလအထိ ရခိုင်ပြည်နယ်မှာ ပင်လယ်ရေကြောင်းလမ်းကို အသုံးပြုပြီး မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၄၆ မှုရှိပါတယ်။ တရားခံ ၂၆၆ ဦး ဖမ်းမိခဲ့ပါတယ်။ အများစုကတော့ AA နဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ အသိုင်းအဝိုင်းတွေပဲ ဖြစ်ပါတယ်။ စိတ်ကြွဆေး ၂၈ ဒသမ ၅ သန်း၊ အိုက်စ် ၄၁ တန်၊ ကက်တမင်း ၁ ဒသမ ၄ တန် ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။ AA အနေနဲ့ စတင်ထူထောင်လာကတည်းက မူးယစ်ဆေးဝါးလုပ်ငန်းကို အစဉ်တစိုက် လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့်လုပ်ဆောင်ရသလဲဆိုတော့ ဒီမူးယစ်ဆေးဝါးနဲ့ပဲ ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေ အကျင့်စာရိတ္တပျက်ပြားနေမှသာ AA သောင်းကျန်းသူအဖွဲ့တွင်းကို ဝင်ရောက်နိုင်ရေး ပိုမိုစည်းရုံးဖို့ လွယ်ကူမယ်၊ လွယ်လွယ်ကူကူရတဲ့ငွေနဲ့ လက်နက်၊ ခဲယမ်းတွေဝယ်နိုင်မယ်၊ တရားမဝင် ထောက်ပံ့မှုတွေ လုပ်နိုင်မယ်ဆိုတာကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူအဖွဲ့က ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိတဲ့ အောင်မြတ်ကျော်ဆိုရင် ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ ၂၀၁၅ ခုနှစ်အတွင်းမှာ ပြင်ဦးလွင်ကနေ ရန်ကုန်၊ ဘားအံကနေ ရန်ကုန်ကို ၁၀ ကြိမ်လောက် လက်နက်၊ ခဲယမ်းတွေ၊ မူးယစ်ဆေးဝါးတွေကို ဆီသယ်ဆောင်တဲ့ကားတွေမှာ အံဝှက်တွေပြုလုပ်ပြီး သယ်ဆောင်ခဲ့တယ်ဆိုတာကို သူ့ကိုဖမ်းဆီးရမိပြီး အစစ်ခံတဲ့အထဲမှာ အစစ်ခံခဲ့ပါတယ်။ နိုင်ငံပိုင်သတင်းဌာနတွေရှေ့မှာလည်း သူ့ရဲ့ဝန်ခံချက်ကို ထုတ်လွှင့်ခဲ့ပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တစ်ခုမှာဆိုရင် အိုက်စ်တို့၊ ကဖင်းတို့ ဖမ်းဆီးရမိတာတွေရှိတယ်။ အသုံးပြုတဲ့ ယာဉ်တွေ၊ စက်လှေတွေ၊ ဂိုဒေါင်တွေကို ငှားရမ်းအသုံးပြုခဲ့တာ တွေ့ရပါတယ်။ AA သောင်းကျန်းသူအဖွဲ့ဝင်အများအပြား ကွန်ရက်ချိတ်ဆက် ဆောင်ရွက်နေတာကိုလည်း တွေ့ခဲ့ရပါတယ်။ ရခိုင်ပြည်နယ်ကိုပို့မယ့် ကဖင်း ဖမ်းဆီးရမိမှု ဖြစ်စဉ်အရ AA သောင်းကျန်းသူတွေအနေနဲ့ အိုက်စ်တို့၊ ကဖင်းတို့ကို အသုံးပြုပြီးတော့ ရခိုင်ပြည်နယ်မှာပဲ စိတ်ကြွရူးသွပ်ဆေးပြားတွေ ပြောင်းလဲထုတ်လုပ်ဖို့ ကြိုးစားနေတာကို တွေ့ရပါတယ်။ ဖမ်းဆီးရမိတဲ့ ဆေးပြားအရေအတွက်တွေ၊ မူးယစ်ဆေးအရေအတွက်တွေကို ကြည့်ရင် ရခိုင်ပြည်နယ်မှာရှိနေတဲ့ လူဦးရေအားလုံး သုံးစွဲနိုင်တဲ့ပမာဏထက် သာလွန်နေတာကို တွေ့ရပါတယ်။ ဒါတွေဟာဘာလဲဆိုတော့ အဓိကကတော့ တစ်ဖက်နိုင်ငံကို အမြောက်အမြားပို့ဆောင်ခဲ့တာတွေ၊ တစ်ဖက်နိုင်ငံမှာလည်း အမြောက်အမြားဖမ်းမိတာတွေ၊ ရခိုင်ဒေသကိုအခြေခံပြီး ပင်လယ်ပြင်ကနေ အခြားနိုင်ငံတွေကို ထွက်တာတွေကို ဆောင်ရွက်တာကို တွေ့ရပါတယ်။

ဒါကြောင့် AA ရဲ့ အကြမ်းဖက်လုပ်ရပ်တွေ၊ AA ရဲ့ မူးယစ်ဆေးဝါး ကုန်ကူးမှုလုပ်ရပ်တွေ၊ သယ်ဆောင်မှုလုပ်ရပ်တွေ၊ မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်မှာပဲ ထုတ်လုပ်ဖို့ လုပ်နေတဲ့ လုပ်ရပ်တွေအားလုံးဟာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူလူထုကို ဖျက်ဆီးရုံသာမက ဒေသတွင်းမှာ မူးယစ်ဆေးဝါးဖြန့်ဖြူးရေး၊ အကြမ်းဖက်လုပ်ငန်းစဉ်များ ပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်နေတယ်ဆိုတာ တွေ့ရပါတယ်။ အားလုံးသတိရှိကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ အကြမ်းဖက်၊ မူးယစ်ဆေးဝါးကို ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျေးဇူးတင်ပါတယ်။



မောင်တောမြို့ရှိ ဒေသခံပြည်သူအိမ်ထောင်စုဝင်များအား ဆန်အိတ်များ ပေးဝေနေမှုကို တွေ့ရစဉ်။



မောင်တော၊ ဝေသာလီ WFP ရိက္ခာဂိုဒေါင်အား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က Drop Bomb ချ တိုက်ခိုက်သဖြင့် ဒေသခံများက ဆန်အိတ်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည့် ဖြစ်စဉ်ပြပုံ။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၆

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့် ဦးစီးဌာနရုံးအနီးရှိ မြေကွက်လပ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်၊ လေထုကို သန့်စင်ပေးနိုင်ရန်၊ မြေဆီလွှာ တိုက်စားမှုကို ကာကွယ်နိုင်ရန်၊ စားရေရိက္ခာဖန်တီးပေးရန်နှင့် ရာသီဥတုကောင်းမွန်စေရန် ရည်ရွယ်၍ သစ်ပင်များ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ သစ်ပင်များကို ရှင်သန်ဖွံ့ဖြိုးလာအောင် စိုက်ပျိုးပြုစုပျိုးထောင်ပေးခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ် ပိုမိုအားကောင်းလာပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်နှင့် ပျဉ်းကတိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၃၃၃ ပင်နှင့် ပျဉ်းကတိုးပင် ၃၀၀၊ ပိတောက်ပင် ၈၀၀၊ စိန်တလုံးသရက် ၃၂၅ ပင်နှင့် ဝါးပိုးဝါး ၁၀၀ အပါအဝင် ပျိုးပင်စုစုပေါင်း ၂၀၉၈ ပင်တို့ကိုစိုက်ပျိုးခဲ့ပြီး ယခင်နှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးပြီးသော စိန်တလုံးသရက်ပင် ၁၁၀၀၀၊ ပတ္တမြားငမောက်သရက်ပင် ၇၀၀၊ ရတနာတန်းဝင်ကျွန်းပင် ၂၁၀၀၊ ပျဉ်းကတိုးပင် ၄၀၀၊ မဟော်ဂနီပင် ၁၅၀၊ မန်ကျည်းရှားပင် ၁၅၀ နှင့် ဝါးပိုးဝါး ၁၀၀၀ တို့မှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ဇာနည်တင်က Implemen-tation of Article 66.2 of the WTO TRIPS Agreement ခေါင်းစဉ်ဖြင့် ဆွေးနွေးသော စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပေးအပ်သော ကင်းလွတ်ခွင့်များ၊ ကုန်သွယ်မှုဆိုင်ရာ အကျိုးခံစားခွင့်များနှင့်စပ်လျဉ်းပြီး တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်နှင့် ပို့ကုန်မြှင့်တင်ရေးကို အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုအား ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၆**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည် ထူထောင်ရေးပစ္စည်းများကိုသင်္ဘောများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းတွင် MV Royal Venus သင်္ဘောဖြင့် ရန်ကုန်မြို့မှ လူသုံးကုန်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိလာမှုကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

MV Royal Venus သင်္ဘောတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် ဆန်၊ စက်သုံးဆီနှင့် စားသောက်ကုန်များ၊ တည်ဆောက်ရေးသုံး ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၂၀၈၃ ဒသမ ၄၄ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ ပစ္စည်းများအား လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ ကုန်တင်ကုန်ချပြုလုပ်နေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရောက်ရှိလာသော ကုန်ပစ္စည်းများကို စနစ်တကျ အတင်အချပြုလုပ်နိုင်ရေး၊ ကုန်ပစ္စည်းများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ သိုလှောင်ထိန်းသိမ်းရောင်းချခြင်းမပြုစေရေး၊ လိုအပ်မှုမရှိသော နေရာများသို့ မရောက်ရှိစေနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါဆိပ်ကမ်း၌ အမ်ဗွီ- ရဲထွန်းအောင်၊ အမ်ဗွီ- အောင်ရတနာ သင်္ဘောတို့မှ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ အတင်အချပြုလုပ်နေမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စစ်တွေဖောင်တော်ကြီးဆိပ်ကမ်းတွင် အမ်ဗွီ- ရွှေရည် ဝတ်မှုန် သင်္ဘောပေါ်မှ လူသုံးကုန်ပစ္စည်းများ အတင်အချပြုလုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ- ဝင်းမင်းစိုး**

# ကသာ၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ



**ကသာ ဇွန် ၂၆**

ကသာမြို့၌ (၃၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌထံမှပေးပို့သည့် သဝဏ်လွှာအား ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲဝင်းလွင်က ဖတ်ကြားပြီး တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ကျော်စွာထွန်း(ကသာ)**

# ဖျာပုံ၌ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော



**ဖျာပုံ ဇွန် ၂၆**

ဖျာပုံမြို့နယ် ကျန်းမာရေးဦးစီးဌာန ကျေးလက်ကျန်းမာရေးမှူးများနှင့် ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်း၍ ဆယ်ကျော်သက်များအား မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၅ ရက်က ဖျာပုံမြို့နယ် အ.လ.က ကျောင်း၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ နော်ဆာဝါးကြည်က ကျောင်းသားကျောင်းသူများအနေဖြင့် ပညာကို ကြိုးစားသင်ယူကြရန်နှင့် ဆယ်ကျော်သက်များအား မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦးက မူးယစ်ဆေးဝါးအန္တရာယ်၏ ဆိုးကျိုးများအကြောင်း အသိပညာပေး ဆွေးနွေးပြောကြားကြသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

# အမရပူရမြို့နယ်၌ နှမ်းစပါး(ရွှေသွယ်ရင်)စံကွက်ရိတ်သိမ်း

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ဘိုးကျေးရွာအုပ်စု ကွင်းအမှတ်(၅၆၇)ကွင်း ဧရိယာ ၁ ဒသမ ၉၇ ဧကရှိ တောင်သူဦးဇော်မင်း၏ လယ်မြေပေါ်တွင် စိုက်ပျိုးထားသော နှမ်းစပါး(ရွှေသွယ်ရင်) စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းမြေစာရင်းဦးစီးမှူး ဦးသိန်းဝင်း၊ ခရိုင်မြေစာရင်း ဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်တင်၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးဆယ်တင်နှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်ကြိုင်နှင့် ဝန်ထမ်းများက စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၁၂၀ ဒသမ ၈၃ တင်း ထွက်ရှိကြောင်း မြို့နယ် မြေစာရင်းဦးစီးဌာနရုံးမှ သိရသည်။

**စိုးသီဟ(အမရ)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဒုတိယနေ့ စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် ဇွန် ၂၆

**မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဒုတိယနေ့ စာတမ်းဖတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒေါက်တာ ညွှန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ သည် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များ၏ သုတေသနပြကွက်များနှင့် ဆက်စပ် ဝန်ကြီးဌာနများ၏ ပြကွက်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။**

ထို့နောက် စာတမ်းဖတ်ပွဲများသို့ သွားရောက်ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ **(ယာပုံ)** နှင့် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စာတမ်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေး ပြောကြားကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖုံနှင့် ဒေါက်တာအောင်ဇေယျတို့သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၄ ၏ ဒုတိယနေ့ စာတမ်းဖတ်ပွဲများသို့ လှည့်လည်ကြည့်ရှုအားပေးကြပြီး စာတမ်းများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေး ပြောကြားခဲ့ကြသည်။

**စာတမ်း (၆) စောင် ဖတ်ကြား**

ဒုတိယနေ့ဆွေးနွေးပွဲကို အခန်း(၆) ခန်းတွင် အုပ်စု (၆) စုခွဲ၍ ခေါင်းစဉ်ကြီး (၆) ခုဖြင့် ကျင်းပကြရာ တစ်အုပ်စုလျှင် စာတမ်းရှင်များက စာတမ်း (၆) စောင် ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

Parallel Session 1 အခြေခံပညာကဏ္ဍတွင် **“တိုင်းချစ်ပြည်ချစ်ရှိသော လူငယ်များပေါ်ထွက်လာစေရေး”** ခေါင်းစဉ်ဖြင့်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်း၊ အခြေခံပညာဦးစီးဌာန၊ တွဲဖက်သဘာပတိအဖြစ် ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်း၊ အနုပညာဦးစီးဌာန၊ ဗိုလ်မှူးချုပ် စိုးသန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်နည်းပညာတက္ကသိုလ် ကထိက ဒုတိယဗိုလ်မှူးကြီး ရှုအောင်ဝင်းက **“နိုင်ငံ့အနာဂတ်လှပဖို့ လူငယ်များ၏ တိုင်းပြည်ချစ်စိတ်ကို စနစ်တကျပြုစုပျိုးထောင်ကြပါစို့”** စာတမ်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလှဲ့လှဲ့အောင်က **“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာ၏ အခန်းကဏ္ဍ”** စာတမ်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက **“တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်လူရွယ်များ ပေါ်ထွက်လာရေး အတွက် အခြေခံပညာသင်ရိုးတွင် အထောက်အကူပြု သင်ခန်းစာများ ထည့်သွင်းထားမှုကို ဆန်းစစ်လေ့လာခြင်း”** စာတမ်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုဝင်းက **“ကျောင်းသားလူငယ်များအား နိုင်ငံတော်ကို ချစ်မြတ်နိုး၍ တန်ဖိုးထားမှုများ ပိုမိုမြင့်မားလာစေရန် ကျောင်းနေအရွယ်မှစ၍ လေ့ကျင့်ပျိုးထောင်ပေးခြင်း”** စာတမ်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာသန်းက **“စာဖတ်ခြင်းမှသည် ကျောင်းသားလူငယ်များ အသိဉာဏ် အတွေးအခေါ် မြင့်မား၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်လာစေရန် ကျောင်းစာကြည့်တိုက်ကဏ္ဍ အားကောင်းလာစေရေး”** စာတမ်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ အဲမွန်ထွန်းက **“ကျန်းမာရေးအဆင့်မြင့် ကျောင်းများတည်ထောင်ခြင်းဖြင့် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်ရှိသော လူငယ်များပေါ်ထွက်လာစေရန် အထောက်အကူဖြစ်စေခြင်း”** စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

**တက်ရောက်လာသူများကဆွေးနွေး**

အလားတူ Parallel Session 2 အဆင့်မြင့်ပညာကဏ္ဍတွင် **“အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ရေး”** ခေါင်းစဉ်ဖြင့်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ တွဲဖက်သဘာပတိအဖြစ် Naypyitaw State Academy၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာနိုင်နိုင်အောင်တို့က ဆောင်ရွက်ကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ ကထိက(ဌာနမှူး) ဒေါက်တာ ဋ္ဌေးကြွယ်က **“လက်တွေ့အသုံးချနယ်ပယ်တွင် အရေးပါမည့် ပညာရှင်များမွေးထုတ်ရေး”** စာတမ်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၊ သမိုင်းဌာန၊ ပါမောက္ခဒေါက်တာမြတ်ရည်ဟန်က **“ပြည်ထောင်စုစိတ်ဓာတ်နှင့် အရည်အသွေးပြည့်ဝသော ပညာတတ် တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးရေး”** စာတမ်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း)၊ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်က **“သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အရည်အသွေးပြည့်ဝသော ပညာရှင်များ မွေးထုတ်ရေး”** စာတမ်း၊ ရန်ကုန်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုက **“သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ရေး”** စာတမ်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာလှမျိုးထွန်းက **“အဆင့်မြင့်ပညာကဏ္ဍ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး”** စာတမ်း၊ ဆေးတက္ကသိုလ်(တောင်ကြီး)၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာအောင်ကျော်သူက **“နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းဖြင့် အရည်အသွေး ပြည့်ဝသော ပညာရှင်များ မွေးထုတ်ရေး”** စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

Parallel Session 3 သက်မွေးပညာကဏ္ဍတွင် **“ထုတ်လုပ်မှုကို အားပေးသော သက်မွေးပညာတိုးတက်ရေး”** ခေါင်းစဉ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာ အတတ်သင်ကောလိပ် (ဘယ်လင်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်၊ တွဲဖက်သဘာပတိအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆောဘောမ်နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (စစ်ကိုင်း)၊ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီတို့က ဆောင်ရွက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါ်အေးစန္ဒာအောင်က **“မြန်မာ့ယဉ်ကျေးမှုအနုပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အနုပညာသင်ကျောင်းများ၏ အခန်းကဏ္ဍ”** စာတမ်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၊ ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာလှမိုးခိုင်က **“စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန် ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ သက်မွေးပညာသင်ယူခြင်းဖြင့် ကျွမ်းကျင်ပညာရှင်များမွေးထုတ်စို့”** စာတမ်း၊ သမဝါယမကောလိပ်(မန္တလေး)၊ ကထိက ဒေါ်မိုးမိုးကြည်က **“မိရိုးဖလာ သက်မွေးလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး”** စာတမ်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၊ ကျောင်းအုပ် ဒေါ်လှိုင်လှိုင်သာက **“ထုတ်လုပ်မှုကိုအားပေးသော သက်မွေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဖော်ထုတ်ရေး”** စာတမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါက်တာနေဇာအောင်က **“Industry 4.0 ဖြင့် ထုတ်လုပ်မှုတိုးမြှင့်ရေး နည်းပညာများအတွက် နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၏ အရေးပါမှု”** စာတမ်း၊ ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါက်တာရန်နိုင်ထွန်းက **“သက်မွေးပညာကျောင်းများ၏ အရည်အသွေး စီမံခန့်ခွဲမှု”** စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

Parallel Session 4 ဆရာအတတ်ပညာကဏ္ဍတွင် **“ဆရာ ဆရာမများ၏ အရည်အသွေး စဉ်ဆက်မပြတ် မြှင့်တင်ရေး”** ခေါင်းစဉ်ဖြင့်ကျင်းပကြရာ သဘာပတိအဖြစ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ တွဲဖက်သဘာပတိအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ရူပဗေဒဌာန၊ ပါမောက္ခ ဒေါက်တာဆောင်ဆွမ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြတိုက်များ) ဦးဝင်းကြိုင်တို့က ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာစန္ဒာနိုင်က **“ဆရာ ဆရာမအရည်အသွေး နိုင်ငံတကာအဆင့်မီစေရေး”** စာတမ်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပညာရေးသဘောတရားဌာန၊ ပါမောက္ခ(ဌာနမှူး) ဦးဇမ်ရှင်းခိုင်က **“နယ်စပ်ဒေသများရှိ ဆရာ ဆရာမများ၏ အရည်အသွေး စဉ်ဆက်မပြတ်မြှင့်တင်ရေး”** စာတမ်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(ရန်ကုန်)၊ ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက **“ပြတိုက်ပညာပေးရေး အခန်းကဏ္ဍနှင့် ဆရာများ၏ အရည်အသွေးမြှင့်တင်ရေး”** စာတမ်း၊ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အေးဖြူဇင်က **“လုပ်ငန်းခွင်အတွင်းရှိ ဆရာ ဆရာမများ၏ အရည်အသွေး စဉ်ဆက်မပြတ်တိုးတက်စေရေး”** စာတမ်း၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်၊ ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦးက **“ပညာရေး ဒီဂရီကောလိပ်များတွင် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ မွေးထုတ်ရေး”** စာတမ်း၊

*စာမျက်နှာ ၉ သို့*



မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဒုတိယနေ့ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များ စာတမ်းဖတ်ကြားစဉ်။

*စာမျက်နှာ ၈ မှ*

လားရှိုးပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာ လွင်လွင်စန်းက **"ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ဖြင့် အကောင်အထည်ဖော်မှုကို လေ့လာခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

**တက်ရောက်**

Parallel Session 5 သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတွင် **"သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်ရေး"** ခေါင်းစဉ်ဖြင့်ကျင်းပရာ သဘာပတိအဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖြူဖြူဝင်း၊ တွဲဖက်သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလတ်လတ်ထွန်းတို့က ဆောင်ရွက်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်တက္ကသိုလ်၊ ကထိက ဒုတိယဗိုလ်မှူးကြီး သန်းနိုင်စိုးက **"Academy of Science များ ထူထောင်ပြီး သက်ဆိုင်ရာ သိပ္ပံဘာသာရပ်များအလိုက် သုတေသနများလုပ်ဆောင်စေခြင်းဖြင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုများ ဖွံ့ဖြိုးတိုးတက်စေခြင်း"** စာတမ်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိ ဒေါက်တာအောင်ကျော်သူက **"ဆန်းသစ်တီထွင်မှုရှိသော စိုက်ပျိုးမွေးမြူရေးသုတေသနရလဒ်များအပေါ် အခြေခံပြီး ဘက်စုံ ပေါင်းစပ်ဆောင်ရွက်ခြင်း"** စာတမ်း၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၊ စာရင်းအင်းပညာဌာန ပါမောက္ခ ဒေါက်တာချောအိအိထွန်းက **"တီထွင်ဆန်းသစ်မှုသို့ ဦးတည်သော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး"** စာတမ်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးက **"နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုအခန်းကဏ္ဍ"** စာတမ်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်သိန်းက **"မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အားကောင်းလာစေခြင်း"** စာတမ်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး (သုတေသန) ဒေါ်ဝါဝါအောင်က **"အခြေခံသုတေသနနှင့် အသုံးချသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး"** စာတမ်းတို့ကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

Parallel Session 6 အရည်အသွေးအာမခံမှုကဏ္ဍတွင် **"အရည်အသွေးအာမခံမှုရှိသော ပညာရေးစနစ် ပိုမိုအားကောင်းလာစေရေး"** ခေါင်းစဉ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ တွဲဖက်သဘာပတိများအဖြစ် ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းတို့က ဆောင်ရွက်ကြပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ညွှန်ကြားရေးမှူး ဒေါက်တာလှိုင်မင်းဦးက **"အရည်အသွေးအာမခံချက်ရှိသော စိုက်ပျိုးရေးပညာရှင်များနှင့် မွေးမြူဆေးကုပညာရှင်များ ပေါ်ထွက်လာစေရေး"** စာတမ်း၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာနီနီအောင်က **"အဆင့်မြင့်ပညာရေးတွင် အရည်အသွေး အာမခံစနစ်များကို ခိုင်ခံ့မြဲမြံစေရန်ဆောင်ရွက်ရေး"** စာတမ်း၊ Naypyitaw State Academy အင်္ဂလိပ်စာဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာသီရိအောင်က **"အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများ၏ အရည်အသွေးအာမခံချက်အပေါ် နိုင်ငံတကာ အသိအမှတ်ပြုမှုရရှိရေး"** စာတမ်း၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခ(ဌာနမှူး) ဒေါက်တာသင်းသင်းယုက **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးအာမခံမှုရှိသော ပညာရေးစနစ် ဖြစ်ထွန်းလာစေရေး"** စာတမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာ ကေသီလွင်က **"အရည်အသွေးအာမခံမှုစနစ်၏ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရေးနည်းလမ်းများ"** စာတမ်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ကျော်စိုးညွန့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ပိုင်သစ္စာတို့က **"အရည်အသွေးအာမခံမှုရှိသော သင်ကြားသင်ယူမှုစနစ်ကို ဆန်းစစ်အကဲဖြတ်ခံနိုင်ရေး"** စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာသူများက ဆွေးနွေးအကြံပြုကြကာ Plenary Session အတွက် အုပ်စုအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး" ဦးတည်ချက်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၄ ဒုတိယနေ့ စာတမ်းဖတ်ပွဲများနှင့် ပြခန်းများကို သူနာပြုကျောင်းသူများ၊ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**ခင်းကျင်းပြသ**

အဆိုပါ ပြခန်းများတွင် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များ၏ လက်တွေ့သုတေသနပြကွက်များ၊ သုတေသနလုပ်ငန်းစဉ် ပိုစတာပြကွက်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြခန်းများဖြစ်သည့် ရေကြောင်းပညာရပ်၊ ဆိပ်ကမ်းအင်ဂျင်နီယာပညာနှင့် မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာ ပညာများအတွက် အသုံးချနိုင်သည့် ရေလှိုင်းတုထုတ် ပုံစံငယ်ပြကွက်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် ဒီဂရီကောလိပ်များရှိ ကျောင်းသား ကျောင်းသူများ တီထွင်ဖန်တီးထားသည့် Solar Light Trucker ပြကွက်များ၊ 3D LED Cube ပြကွက်များနှင့် သုတေသနစာတမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်းများရှိ ကင်ဆာရောဂါကို AI (ဉာဏ်ရည်တု) အသုံးပြု၍ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းတို့တွင် အသုံးချခြင်းပြကွက်၊ AI နည်းပညာသုံး၍ ကျန်းမာရေးဆိုင်ရာ ပညာရပ်များ သင်ကြားခြင်းပြကွက်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်းရှိ အာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာ သိမှတ်ဖွယ်ရာ ပြကွက်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်းတွင် ဉာဏ်စမ်းပဟေဠိများ ပါဝင်သည့် ပြကွက်များကို ခင်းကျင်းပြသထားကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဇွန် ၂၆**



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**တိုးမြှင့်ဆောင်ရွက်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဘက်ပေါင်းစုံမှ နည်းလမ်းပေါင်းစုံ အသုံးပြုဆောင်ရွက်နေကြောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို အနာဂတ်လူသားအရင်းအမြစ်များ ဖြစ်သော ကျောင်းသားလူငယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် သက်ဆိုင်ရာဌာနများက အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒသစ်၏ ရည်မှန်းချက်အရ ပြောင်းလဲလာသည့် မူးယစ်ဆေးဝါး ပြဿနာများအပေါ် သုံးသပ်ပြီး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် သက်ဆိုင်ရာဌာနများနှင့် ပြည်နယ်အတွင်း နေထိုင်သူအားလုံးက ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သော သဝဏ်လွှာအား ကယားပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းစိုးအောင်က ဖတ်ကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆောင် ရွက်ချက် မှတ်တမ်းများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

---

❖ *ကျောဖုံးမှ*

အုပ်စု (ဂ) ပွဲစဉ် (၃) မှ ဒိန်းမတ်နှင့် ဆားဘီးယားပွဲစဉ်တွင် ဂိုးမရှိ သရေဖြစ်ခဲ့ပြီး ဒိန်းမတ်သည် အုပ်စုဒုတိယဖြင့် အင်္ဂလန်နှင့်အတူ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဇွန် ၂၆ ရက် ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်သည့် အုပ်စု(င)မှ ဆလိုဗက်ကီးယားနှင့် ရိုမေးနီးယားပွဲမှာ တစ်ဂိုးစီ သရေ၊ ယူကရိန်းနှင့် ဘယ်လ်ဂျီယံပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့ပြီး ရမှတ် လေးမှတ်စီတူကာ ရိုမေးနီးယားနှင့် ဘယ်လ်ဂျီယံတို့ နောက်တစ်ဆင့် တက်သွားသည်။ **အောင်ဇော်**

❒ *ကျောဖုံးမှ*

ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အနောက်အာရှဇုန်တွင် အုပ်စုသုံးခု၊ အရှေ့အာရှဇုန်တွင် အုပ်စုနှစ်ခု ပါဝင်မည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးသုံးသင်း စုစုပေါင်း ရှစ်သင်းမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စုပွဲများကို တစ်ကျော့တည်းသာ ကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့၊ ဗိုလ်လုပွဲကို တစ်ကျော့တည်း ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲများကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ၂၀၂၅ ခုနှစ် မတ်လ၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ၂၀၂၅ ခုနှစ် ဧပြီလ၊ ဗိုလ်လုပွဲကို ၂၀၂၅ ခုနှစ် မေလတွင် ကျင်းပမည်ဖြစ်သည်။ AFC Challenge League ပြိုင်ပွဲကို အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အရှေ့အာရှဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အရှေ့အာရှဇုန်တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းအပါအဝင် အင်ဒိုနီးရှားကလပ် မာဒူရာယူနိုက်တက်အသင်း၊ ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်း၊ တရုတ်(တိုင်ပေ)ကလပ် Taiwan Steel အသင်း၊ လာအိုကလပ် Young Elephants အသင်း၊ မွန်ဂိုလီးယားကလပ် SP Falcons အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုမဲခွဲပွဲကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

(၂၉ - ၆ - ၂၀၂၄ ရက်နေ့တွင် ကျရောက်သော“တရုတ် - မြန်မာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်” ထုတ်ပြန်ခဲ့သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုလျက်)

# ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသည့် တရုတ် - မြန်မာ ဆက်ဆံရေး

*ဒေါက်တာမောင်သင်း*

**“အိမ်နီးချင်းထက် စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာ မရှိပါဘူး။ အိမ်နီးချင်းဆိုတာ အရင်းအနှီးဆုံးနိုင်ငံ ဖြစ်ရမယ်။ အိမ်နီးချင်းကောင်းပဲဖြစ်ရမယ်။ နိုင်ငံအားလုံးနဲ့ အိမ်နီးနားချင်း ငါးနိုင်ငံနဲ့ ချစ်ကြည်အောင် ဆောင်ရွက်ပါတယ်။ တရုတ်နဲ့ မြန်မာကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို ကမ္ဘာမှာစပြီး လက်မှတ်ရေးထိုးခဲ့တဲ့ နိုင်ငံတွေဖြစ်တယ်”**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

အထက်ပါ “သမိုင်းဝင် နှစ်နိုင်ငံ ချစ်ကြည်ရေး မြွက်ကြားချက်များ” ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် မေလ ၂၀ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံအဖွဲ့၏ အင်တာဗျူး၌ မြွက်ကြားခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ ပြောကြားချက်သည် “မြန်မာ့စိတ်ရင်းဖြစ်သည့် အိမ်နီးချင်းနိုင်ငံများအပေါ် ထားရှိရမည့် သဘောထားနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို စတင်လက်မှတ်ရေးထိုးစဉ်ကတည်းကနှင့် ယနေ့တိုင်အောင် လိုက်နာခဲ့ကြောင်း”ကို ဖော်ညွှန်းသည်ဟု မြင်မိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတကြီးကျန်ဇီမင်းကလည်း ၁၉၉၆ ခုနှစ်က နိုင်ငံတော်အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ် “မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့ကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးများအပေါ် အခြေခံသော နှစ်နိုင်ငံဆက်ဆံရေးသည် ဒေသတွင်း အေးချမ်းတည်ငြိမ်မှုနှင့် ကမ္ဘာ့ငြိမ်းချမ်းတည်ငြိမ်မှုကို အထောက်အကူပြုကြောင်း” ပြောကြားခဲ့ပါသည်။

တရုတ် – မြန်မာ ထာဝရအိမ်နီးနားချင်းကောင်း ဆက်ဆံရေးသမိုင်းကို ဖော်ညွှန်းသည့်–

**မိတ်ဆွေဇမ္ဗူ၊ စဉ်စုစိုးအုပ်**
**တရုတ်မြန်မာ၊ မင်းတို့မှာလျှင်**
**ကမ္ဘာရှည်မြွေ၊ မြေမရွေ့သို့**
**နှုတ်တွေ့ခွန်းသော၊ ထွန်းစိမ့်စေဖြင့်**
**ကျက်သရေသွင်းနှီး၊ စာရင်းထိုးသည်**
**ဆိုမျိုးဆက်စဉ် ဥဒါန်းတည်း။**

ဟူသည့် “မော်ကွန်း”ကို ကုန်းဘောင်ခေတ် ဝက်မစွတ်မြို့စား ဦးနု (ဒုတိယနဝဒေး) ၏ “တရုတ်သံရောက် မော်ကွန်း” တွင် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ မြန်မာတို့ကသာ စပ်ဆိုရေးသားခဲ့သည် မဟုတ်ပါ။ တရုတ်စာပေများတွင်လည်း စပ်ဆိုခဲ့ကြောင်းကို ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အောင်ဆန်းကွင်းတွင် ကျင်းပသည့် လူထု အစည်းအဝေးပွဲကြီးတွင် တရုတ်နိုင်ငံ ဝန်ကြီးချုပ် “ချူအင်လိုင်း” က “ကျွန်တော်တို့နိုင်ငံ “ဟန်” မင်းဆက်ခေတ်ကဗျာဆရာများဟာ ထိုအခါက တရုတ်ပြည်မှာ တင်ဆက်ကပြခဲ့ကြတဲ့ မြန်မာ တေးဂီတနှင့်အကတို့ကို ကဗျာများ အထူးဖွဲ့နွဲ့သီကုံးပြီး ချီးကျူးခဲ့ဖူးပါတယ်”ဟု ပြောကြားခဲ့ခြင်းက သက်သေခံနေပါသည်။ ထို့အတူ လွတ်လပ်ရေးရပြီး ခေတ်တွင်လည်း တရုတ်–မြန်မာ ချစ်ကြည်ရေးသီချင်းများ စပ်ဆိုထုတ်လွှင့်ခဲ့ပါသည်။

**ရာဇဝင်စဉ်လာ၊ တရုတ် ဗမာ–မိတ်ဆွေရင်းချာ**

အထက်ပါစာသားသည် တရုတ် – မြန်မာ




ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို ထုတ်ပြန်သည့် နှစ်(၇၀)ပြည့် အခမ်းအနားကို ရန်ကုန်မြို့ရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ဇွန် ၁၉ ရက်က ကျင်းပစဉ်။

(ထိုစဉ်ကအသုံးအနှုန်း “ဗမာ”)ချစ်ကြည်ရေးပွဲများ၊ အစည်းအဝေးပွဲများတွင် သီဆိုခဲ့ပြီး ပီကင်းရေဒီယိုအသံမှ ရံဖန်ရံခါ ထုတ်လွှင့်ခဲ့သည့် သီချင်းမှ စာသားတစ်ပိုဒ်ဖြစ်ပါသည်။ ဆရာကြီး “ဦးသိန်းဖေမြင့်” ရေးစပ်ခဲ့ပြီး ဂီတစာဆို ဆရာရန်နိုင်စိန်က ကိုယ်တိုင်သီဆိုခဲ့သည့် သီချင်းဖြစ်ပါသည်။ ဆရာကြီး ဦးသိန်းဖေမြင့်၏ ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ရေးသားမှုများအရ အဆိုပါသီချင်းကို လွန်ခဲ့သော ၁၆ နှစ် / ၁၇ နှစ်က စခဲ့တာပါဟု ဆိုပါသည်။

သို့ဖြစ်၍ ၁၉၄၉ ခုနှစ်တရုတ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးကို မြန်မာနိုင်ငံက အသိအမှတ်ပြုပြီးကတည်းက “တရုတ် – ဗမာ မိတ်ဆွေဖြစ်သီချင်း” ပေါ်ပေါက်ခဲ့သည်ဟု ယူဆနိုင်ပါသည်။ မြန်မာနိုင်ငံမှ “ဩဇာကြီးမားသည့် ဝါရင့်နိုင်ငံရေးသမား၊ သတင်းစာဆရာကြီး၊ စာရေးဆရာ ဦးသိန်းဖေမြင့်ကသာ စပ်ဆိုခဲ့သည်မဟုတ်ပေ။ ထိုစဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မာရှယ် “ချင်ယီ” ကလည်း ၁၉၅၆ ခုနှစ်တွင် ချစ်ကြည်ရေးကဗျာတစ်ပုဒ်စပ်ဆို၍ ဆွေမျိုးပေါက်ဖော် ချစ်ကြည်စွာ ဆက်ဆံနိုင်မှုကို မီးမောင်းထိုးပြခဲ့ပါသည်။ “နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ ပျားရည်ဆမ်းကာလ” ကြောင့် ပေါ်ထွန်းခဲ့သည့် ကဗျာဟု ဆိုကြပါသည်။ ယင်းကဗျာမှာ –

မြန်မာပြည်မှ မိတ်ဆွေများအတွက်

**ကျွန်ုပ် မြစ်ညာမှာနေသည်**
**သင်တို့မြစ်ကြေမှာ နေကြသည်**
**အတိုင်းအဆမရှိအောင်**
**ကျွန်ုပ်တို့ အပြန်အလှန်ချစ်ခင်ကြ**
**ကျွန်ုပ်တို့ ဒီမြစ်ရေကိုပဲသောက်ကြ**
**ကျွန်ုပ် မြစ်ညာမှရေကို သောက်သည်**
**သင်တို့ မြစ်ကြေမှ ရေကိုသောက်ကြသည်**
**မြစ်ကြီးသည် အဆုံးမရှိ စီးဆင်းလျက်**
**မဆုံးနိုင်သော ပျော်ရွှင်မှုကို**
**ကျွန်ုပ်တို့ မျှဝေခံစားကြ**
**ကျွန်ုပ်တို့သည် အိမ်နီးချင်းများပါ**
**ကျွန်ုပ်တို့၏ ချစ်ကြည်မှု အစွန့်ရှည်ကြာခဲ့ပြီ**
**ထာဝရအမြဲစိမ်းသစ်ပင်တို့လို**
**ရေသည် ထာဝစဉ် စီးဆင်းမြဲ စီးဆင်းလျက်**
**ကျွန်ုပ်တို့၏နိုင်ငံများ ဆက်စပ်နေကြ**
**တောင်ခြေမှာ. . . မြစ်ဘေးမှာ. . .**
**နယ်ချဲ့ဝါဒဆန့်ကျင်ခြင်းဖြင့် လွတ်လပ်ခဲ့ကြ**
**ကျွန်ုပ်တို့ ငြိမ်းချမ်းစွာပေါင်းစည်းမိခဲ့**
**ကျွန်ုပ်တို့သည် ပေါက်ဖော်**
**ကျွန်ုပ်တို့၏ ဘာသာစကားများ ဆက်နွှယ်နေကြ**
**ကျွန်ုပ်တို့စည်းလုံးစွာ အပြန်အလှန်ကူညီနေကြ**
**ငြိမ်းချမ်းရေးသည်ခွန်အား**
**မြစ်များဘေးမှာနေထိုင်ရင်း**
**မြစ်တို့၏ အသက်ရှူသံကို**
**ကျွန်ုပ်တို့ ချီးမွမ်းခန်းဖွင့်ခဲ့ကြ**
**တောင်များပေါ်တက်ရင်း**
**တောင်တို့၏အလှကို ကျွန်ုပ်တို့**
**တေးဖွဲ့သီဆိုခဲ့ကြ**
**တောင်များသည်မြောက်ဘက်သို့မျက်နှာမူလျက်**
**မြစ်သည်တောင်ဘက်သို့ စီးဆင်းလျက်။**

ဟူ၍ဖြစ်ပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏**
**လွတ်လပ်ရေးကို ဦးဦးဖျားဖျား**
**စတင်အသိအမှတ်ပြုတာ မြန်မာနိုင်ငံပါ**

မြန်မာနိုင်ငံက ၁၉၄၈ ခုနှစ် နှစ်ဦးကာလတွင် လွတ်လပ်ရေးရသည်။ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် လွတ်လပ်ရေး ကြေညာခဲ့ပါသည်။ ဤသည်ကို ကျွန်တော်တို့ပြည်သူနှင့် နိုင်ငံအစိုးရက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင် ခြင်းကို အာရှတိုက်ရှိ မည်သည့်နိုင်ငံမှ အသိအမှတ်မပြုသေးမီ ဦးဦးဖျားဖျား ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အသိအမှတ်ပြုခဲ့ပါသည်။

ထိုအချိန်၌ မြန်မာနိုင်ငံမှာ ကွန်မြူနစ် အဖြူနှင့် အနီများ အင်အားကြီးမားစွာဖြင့် တည်ဆဲ မြန်မာအစိုးရကို ပုန်ကန်တော်လှန်နေချိန်တွင် ကွန်မြူနစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သမိုင်းအစဉ်အလာကြီးမားခဲ့သည့် “အိမ်နီးနားချင်းကောင်း ထာဝရမိတ်ဆွေ” ဟူသော အမြင်ဖြင့် အသိအမှတ်ပြုခဲ့ခြင်းပင် ဖြစ်ပါသည်။ ကမ္ဘာ့ဆိုရိုးစကားတစ်ခုက “You can change friends, but not neighbours” ဖြစ်ပါသည်။ “မိတ်ဆွေများကို ပြောင်းချင်သလောက် ပြောင်းနိုင်ပါသည်၊ သို့သော် သင်မပြောင်းနိုင်တာက အိမ်နီးနားချင်းပါ”တဲ့။ “မြန်မာ့စိတ်ရင်းဖြစ်သည့် အိမ်နီးနားချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်လိုခြင်း” ကို ဦးဦးဖျားဖျား ပြသလိုက်ခြင်းပါ။ ထိုစိတ်ရင်းသည် ယနေ့တိုင်ရှင်သန်ဆဲပါ။ သားစဉ်မြေးဆက် ရှင်သန်နေအောင်လည်း ကြိုးပမ်းနေပါကြောင်းကို ၁၉၉၆ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက “မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကောင်းမွန်သည့် ဆက်ဆံရေးကို သားစဉ်မြေးဆက်တိုင်အောင် ခိုင်မြဲရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း” ကတိစကား ဆိုခဲ့ပါသည်။

မြန်မာ့ခေါင်းဆောင်များ၏ ပညာဉာဏ်ကြီးမြင့်မှုအမြင်က ပြည်တွင်းတွင် ဒုက္ခပေးနေသည့် ဝါဒတူကွန်မြူနစ်သောင်းကျန်းသူနှင့် အိမ်နီးနားချင်းကောင်း ကွန်မြူနစ်အစိုးရကို ခွဲခြားမြင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် “ဝါဒသည်မမြဲ၊ အိမ်နီးနားချင်းကောင်းသည်သာ ထာဝရတည်မြဲ၏” ဟု “ပညာဉာဏ်ကြီးမြင့်မှုအမြင်” ဖြင့် ရှင်းလင်းစွာကြည့်တတ်ထိုးဖောက်မြင်တတ်ခဲ့ကြခြင်းကြောင့်လည်း ဖြစ်ပေသည်။ ယနေ့တော့ မြန်မာခေါင်းဆောင်များ၏ “ပညာဉာဏ်ကြီးမြင့်မှုအမြင်”သည် လွန်စွာမှန်ကန်ခဲ့ကြောင်းကို မြန်မာပြည်တွင် ကွန်မြူနစ်ဝါဒကျဆုံးမှုက သက်သေထူနေပါပြီ။

**ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး**
**မူကြီး(၅)ရပ် ချမှတ်ခဲ့ကြသည့်**
**ဆွေမျိုးပေါက်ဖော် နှစ်နိုင်ငံ**

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ နယ်ချဲ့တို့က သူတို့၏ ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးပြီး လက်လွှတ်ပေးလိုက်ရသည်။ သို့သော် ဆက်လက်လွှမ်းမိုးချုပ်ချယ်ချင်စိတ်က ကြီးမားနေဆဲပါ။ ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရပြီးခါစ နိုင်ငံများသည်လည်း ထပ်မံကျွန်ပြုလွှမ်းမိုးခံရမည်ကို စိုးရိမ်နေကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းသည် ၂၉ – ၆ – ၁၉၅၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီး “ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်”

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

(The five Principles of Peaceful Coexistence) ကို ကမ္ဘာသို့ နှစ်နိုင်ငံ ပူးတွဲကြေညာထုတ်ပြန်ခဲ့ပေသည်။

ထိုမူကြီး (၅) ရပ် စတင်ကြေညာသည့် ၁၉၅၄ ခုနှစ်မှ နောင်နှစ်ပေါင်းများစွာအထိ စာနယ်ဇင်းများက "နိုင်ငံရေး ငါးပါးသီလ" ဟု သုံးစွဲခဲ့ကြပါသည်။ ကျွန်တော့်အနေဖြင့် "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ငါးပါးသီလ" ဟု ဆိုချင်ပါသည်။ ယင်းတို့မှာ-

(က) နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်ပယ် တည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန်၊

(ခ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်ရန်စ တိုက်ခိုက်မှုမပြုလုပ်ရန်၊

(ဂ) နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ရန်၊

(ဃ) နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအဆင့်အတန်းချင်း တူညီမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန်၊

(င) နိုင်ငံရေးစနစ်ချင်း ကွဲလွဲစေကာမူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ ဆက်ဆံပေါင်းသင်းနေထိုင်ကြရန် --------- တို့ဖြစ်ပါသည်။

နိုင်ငံအချင်းချင်း ကြီးနိုင်ငယ်ညှဉ်းကင်းကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရင်း တန်းတူရည်တူ ဆက်ဆံမှုဖြင့် "ကျီးကိုဘုတ်ရှိသေ ဘုတ်ကိုကျီးရှိသေမှု" ဖြစ်ပြီး ဝါဒအရလည်းကောင်း၊ အင်အားအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ဗိုလ်ကျမှု၊ ဩဇာလွှမ်းမိုးမှု ကင်းဝေးအောင်၊ နိုင်ငံကြီးငယ်အချင်းချင်း တန်းတူရည်တူ အပြန်အလှန် လေးလေးစားစား ဆက်ဆံနိုင်အောင် တည့်မတ်ပေးသည့် မူကြီး (၅) ရပ် ဖြစ်ပေသည်။

ဤသည်ကို "တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို ခိုင်မာရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဇုန်တစ်ခု ထူထောင်ပြီး အာရှငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း" တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းက ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ကတည်းကပင် တရားဝင်အလည်အပတ်ရောက်ရှိနေသော မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်ဦးနုနှင့်အဖွဲ့ကို ဧည့်ခံသော ညစာစားပွဲတွင် အတိအလင်း ကတိပြုပြောကြားခဲ့သည်။ ဦးနုကလည်း အဆိုပါဧည့်ခံပွဲတွင် "ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးထိခိုက်စေမည့် ဘယ်လိုအလုပ်မျိုးကိုမှ လုပ်မှာမဟုတ်ပါဘူး၊ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံကြား သံသယပွားစေမည့် အခြားနိုင်ငံ၏ အကူအညီကိုလည်း ယူမှာမဟုတ်ပါဘူး" ဟု ပြန်လည်ပြောကြားခဲ့မှုများက အထက်ပါမူကြီး (၅)ရပ် ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့မှု၏ သာဓကများ ဖြစ်ပေသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပါဝင်ခွင့်မရရင် မြန်မာနိုင်ငံလည်း မတက်ရောက်နိုင်ပါ**

အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသမှာ စစ်ပွဲပြင်းထန်လာချိန်တွင် တတိယကမ္ဘာစစ်အဆင့်ဆီ ကူးစက်သွားမည်ကို စိုးရိမ်ကြသည့် လွတ်လပ်သော အာရှနှင့် အာဖရိကနိုင်ငံ ၂၉ နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် တတိယကမ္ဘာစစ်မဖြစ်ရေးကို တားဆီးနိုင်ရေးကြိုးပမ်းမည့် ညီလာခံ (Afro-Asian Conference) ကို ၁၉၅၅ ခုနှစ် ဧပြီလ ၁၈ မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို ကွန်မြူနစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဝိုင်းပယ်ထားကြရန် အနောက်အုပ်စုနိုင်ငံများက ကြိုးပမ်းကြသေးသည်။

မြန်မာနိုင်ငံက အဆိုပါအစည်းအဝေးသို့ "တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ရောက်ခွင့်မရလျှင် မြန်မာနိုင်ငံလည်း တက်ရောက်မည်မဟုတ်ကြောင်း"ဟုဆိုကာ တောင့်ခံထားပြီး "အိမ်နီးနားချင်းကောင်းပီသမှု" မြန်မာ့စိတ်ရင်းကို ထပ်မံပြသခဲ့သည်။ တကယ်တော့ ဘန်ဒေါင်းညီလာခံ ဖြစ်မြောက်ရေးကို ဦးဆောင်ဆွေးနွေး အဆိုပြုခဲ့ကြသည်မှာ တရုတ်၊ မြန်မာနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ ဖြစ်ပါသည်။ ဤသို့ဖြင့် ဘန်ဒေါင်းညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ရောက်ခွင့်ရခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး (၁၀) ချက် (A10- points declaration on promotion of world peace and cooperation) ပါကြေညာချက် ထွက်ပေါ်လာခဲ့သည်။ ထိုကြေညာချက် (၁၀)ချက်တွင်လည်း တရုတ်-မြန်မာ-အိန္ဒိယတို့၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သဖြင့် ထိုခေတ်တွင် အလွန်ခေတ်စားသည့် ငြိမ်းချမ်းရေးမူ၊ ဘက်မလိုက်ရေးဝါဒ ဖြစ်ခဲ့ပေသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်အဆိုတင်သွင်းသော နိုင်ငံများတွင် မြန်မာနိုင်ငံ ပါဝင်ခဲ့**

၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပသော (၂၆) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး ဦးသောင်းကြည်က မိန့်ခွန်းပြောကြားခဲ့ရာတွင် "ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကုလသမဂ္ဂကြီးတွင် ထိုက်ထိုက်တန်တန်ရပိုင်ခွင့်ရှိသော နေရာမပေးဘဲ တရုတ်နှစ်ပြည်ထောင် ပြဿနာဖန်တီးထားခြင်းမှာ သဘာဝမကျပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဗဟိုအစိုးရအား "တစ်ခုတည်းသော တရုတ်ပြည်၏တရားဝင်အစိုးရ" အဖြစ် အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဥပဒေပါအခွင့်အရေးများ ပေးအပ်ရေးကို ကျွန်ုပ်တို့တစ်ခါတည်း ဆုံးဖြတ်ကြဖို့လိုကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း" ထည့်သွင်းမိန့်ကြားခဲ့ပြီး အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ "တရုတ်တစ်နိုင်ငံတည်းမူဝါဒ" (One China Policy) ကို ထောက်ခံခဲ့ပါသည်။

ထိုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဆက်လက်ကျင်းပသော အထွေထွေညီလာခံ၌ "တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်နှင့်တကွ လုံခြုံရေးကောင်စီဝင်အဖြစ်လက်ခံရေး"အဆိုကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင် ၂၃ နိုင်ငံက ဦးဆောင်တင်သွင်းခဲ့ရာ ထောက်ခံမဲ ၇၆ မဲ၊ ကန့်ကွက်မဲ ၃၅ မဲ၊ ကြားနေ ၁၅ မဲဖြင့် အနိုင်ရရှိခဲ့သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ နယ်နိမိတ်ချင်း မိုင်ပေါင်းတစ်ထောင်ကျော် ဆက်စပ်နေသော နှစ်နိုင်ငံ၏ ဆောင်းပါးအစတွင် သမ္မတကြီး ကျန်ဇီမင်းမိန့်ကြားခဲ့သည့် "နှစ်ပေါင်း ၂၀၀၀ ကျော် ခိုင်မြဲခဲ့သည့် အိမ်နီးနားချင်းကောင်း၏ ချစ်ကြည်မှုစိတ်ထား"ကို "မိမိ၏ အိမ်နီးနားချင်းနိုင်ငံအား ကမ္ဘာ့အလယ် အနိမ့်ခံဘဝရောက်နေခြင်းမှ နိုင်ငံတကာ တန်းတူရည်တူအဆင့်ဆီသို့ ရောက်အောင် ဆွဲတင်ခြင်းလုပ်ငန်းတွင် ပါဝင်လိုက်ခြင်း" ဖြင့် မြန်မာနိုင်ငံက သက်သေထူပြခဲ့ပါသည်။

**ခလုတ်ကန်သင်းများကြောင့် "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးငါးပါးသီလ" မကျိုးပေါက်ခဲ့ပါ**

တရုတ်- မြန်မာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အမြော်အမြင် ကြီးမားခဲ့ကြသည့် ခေါင်းဆောင်များ စောင့်ထိန်းခဲ့ကြသည်မှာ နှစ်ပေါင်း ၇၀ (၁၉၅၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့အထိ) ပြည့်ပြီဖြစ်ပါသည်။ ထိုချစ်ကြည်ရေးလမ်းခရီးတွင် ခလုတ်ကန်သင်း ဆူးငြောင့်ကလေးများလည်း ရှိခဲ့ပေသည်။ ယာယီတစ်ခဏသာဘောပါ။ ဥပမာအားဖြင့် မြန်မာနိုင်ငံကို တော်လှန်ပုန်ကန်သော "ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သောင်းကျန်းသူများ"သည် တရုတ်ကွန်မြူနစ်ပါတီကို ချဉ်းကပ်အကူအညီရယူမှုဖြစ်သည်။ ၁၉၅၃ ခုနှစ်လောက်တွင် ရဲဘော်အောင်ကြီးက စတင်ဆက်သွယ်ခဲ့ပြီး နောက်ပိုင်းမှာ မြန်မာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင် အတော်များများက တရုတ်ပြည်သို့ သွားရောက်ခဲ့ပါသည်။ တရုတ်ကွန်မြူနစ်ပါတီသည် ဝါဒရေးရာတွင် မြန်မာပြည်ကွန်မြူနစ်ပါတီ၏ ဆရာတစ်ဆူဖြစ်လာပါသည်။ သို့သော် "ကွန်မြူနစ်ပါတီအချင်းချင်း ဝါဒရေးရာအကူအညီပေးမှု" နှင့် "နှစ်ပြည်ထောင် ထီးဆောင်းမင်းအချင်းချင်း တရားဝင်သံတမန်ဆက်ဆံမှုသည်" အလွန်ပင်ကွာခြားခဲ့ပါသည်။

နှစ်နိုင်ငံ ထီးဆောင်းမင်းအချင်းချင်းတို့၏ ဆက်ဆံရေးက "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်၏ ရွှေထီးအောက်တွင် မားမားမတ်မတ်ရပ်တည်ခြင်းပါ"၊ "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ငါးပါးသီလ"ကို လုံးဝအကျိုးမခံခဲ့ပါ။ ထိုမူကို မထိခိုက်စေအောင် ယနေ့အချိန်ထိ ထိန်းသိမ်းနေဆဲပါ။ ၁၉၇၈ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် "တိန့်ရှောက်ဖိန်" မြန်မာနိုင်ငံသို့ အလည်လာပြီး "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အတူ နှစ်နိုင်ငံ ဆက်ဆံသွားပါမည်" ဟု ထပ်မံအတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ ယခုနှင့် နောင်အခါတွင်လည်း အသေးအဖွဲ ခလုတ်ကန်သင်းများ ရှိကောင်းရှိနိုင်သော်လည်း "နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်၏ "ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးမဏ္ဍိုင်" လှုပ်ခါသွားလောက်သည် အထိတော့မရှိနိုင်" ဟု မြင်မိပါကြောင်း ဆရာကြီး ဦးသိန်းဖေမြင့်က ၁၉၆၇ ခုနှစ်ကတည်းက သုံးသပ်ခဲ့ပါသည်။ ယင်းသုံးသပ်ချက် မှန်ကန်၍သာ ယခုအခါ သက်တမ်း (၇၀) ပြည့်ခဲ့ခြင်းပါ။

> ❂ နှစ်နိုင်ငံ ထီးဆောင်းမင်းအချင်းချင်းတို့၏ ဆက်ဆံရေးက "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်၏ ရွှေထီးအောက်တွင် မားမားမတ်မတ်ရပ်တည်ခြင်းပါ"၊ "ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလ"ကို လုံးဝအကျိုး မခံခဲ့ပါ။ ထိုမူကို မထိခိုက်စေအောင် ယနေ့အချိန်ထိ ထိန်းသိမ်းနေဆဲပါ။ ၁၉၇၈ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် "တိန့်ရှောက်ဖိန်" မြန်မာနိုင်ငံသို့ အလည်လာပြီး "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နှင့်အတူ နှစ်နိုင်ငံ ဆက်ဆံသွားပါမည်"ဟု ထပ်မံအတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ ယခုနှင့် နောင်အခါတွင်လည်း အသေးအဖွဲ ခလုတ်ကန်သင်းများ ရှိကောင်းရှိနိုင်သော်လည်း "နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်၏ "ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေး မဏ္ဍိုင်" လှုပ်ခါသွားလောက်သည်အထိတော့မရှိနိုင်" ဟု မြင်မိပါကြောင်း ဆရာကြီး ဦးသိန်းဖေမြင့်က ၁၉၆၇ ခုနှစ် ကတည်းက သုံးသပ်ခဲ့

ဤသို့ အောင်မြင်ရခြင်းမှာ ဝန်ကြီးချုပ် ချူအင်လိုင်း၏ "တရုတ်မြန်မာ နှစ်နိုင်ငံအစိုးရတို့ နှစ်ပေါင်းများစွာ တစ်သမတ်တည်း ဂရုတစိုက်စူးစမ်းကြံဆခဲ့ကြပုံ၊ တက်ကြွမှုရှိစွာ ချဉ်းကပ်ခဲ့ကြပုံတို့ကို ကျွန်တော်တို့ ဝမ်းမြောက်ကြည်နူးစွာ ပြန်လည်သုံးသပ်ကြည့်နိုင်ကြပါပြီ။ လမ်းဟာ တစ်ခါတစ်ခါ ညီညာပြေပြစ်ပြီး တစ်ခါတစ်ခါ ချိုင့်တွေဖြစ်နေပေမယ့် မိုးကောင်းကင်ဟာ တစ်ခါတစ်ခါ မိုးသားကင်းစင်ကြည်လင်နေပြီး တစ်ခါတစ်ခါ မိုးသားတွေအုံ့နေပေမယ့် ကျွန်တော်တို့ကတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ် ရှေ့ဆောင်ညွှန်ပြရာလမ်းအတိုင်း သဘောထားကွဲလွဲမှုတွေကို ဖြေရှင်း၊ အဆီးအတားကိုဖယ်ရှားရင်း စွဲစွဲမြဲမြဲ မယိမ်းမယိုင် ရှေ့သို့ချီတက်ခဲ့ကြတာချည်းပါပဲ။ အခုဆိုရင် ကျွန်တော်တို့တစ်တွေဟာ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး အထွတ်အထိပ်ဆီသို့ လက်တွဲပြီး တက်လှမ်းရောက်ရှိခဲ့ကြပါပြီ။ ကျွန်တော်တို့နှစ်နိုင်ငံ ပြည်သူပြည်သားတွေရဲ့ အရင်းခံအကျိုးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့ အရင်းခံအကျိုးတို့အတွက် အဖိုးထိုက်တန်တဲ့ အကျိုးများကို ပြုခဲ့ကြပါပြီ။ အာရှနိုင်ငံများ ချစ်ကြည်ရေး စည်းလုံးရေးအတွက် အောင်မြင်တဲ့ စံနမူနာကို ထူပြခဲ့ပါပြီ" ဟူ သောစကားအတိုင်း မူကြီး (၅) ရပ်၏ ကောင်းကျိုးပြမှုဘောင်အတွင်းမှ ခေတ်အဆက်ဆက် ခေါင်းဆောင်များ ဆက်လက်လျှောက်လှမ်းခဲ့ကြ၍ ဖြစ်ပါသည်။

**၈၈ အရေးအခင်းကာလတွင် ချစ်ကြည်ရေး ငါးပါးသီလ စောင့်ထိန်းခဲ့သူ တရုတ်သံအမတ်ကြီး**

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်အကြီးအကဲအဆင့်များကသာ "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ" ကို ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သည် မဟုတ်ပေ။ "သံအမတ်ကြီး" အဆင့်ကလည်း အလေးထား လိုက်နာဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံ ၁၉၈၈ အရေးအခင်းတွင် အထင်အရှား ရပ်တည်ပြသခဲ့ပါသေးသည်။ ၁၉၈၈ ခုနှစ် မြန်မာ့အရေးအခင်းတွင် မြန်မာအစိုးရကို ဖိအားပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုင်ငံ ၁၅ နိုင်ငံခန့် ပါဝင်သော ကိုယ်စားပြုအဖွဲ့၌ ပါဝင်ရန် တရုတ်သံအမတ်ကြီးကိုလည်းဖိတ်ကြားခဲ့ပါသည်။

ထိုအချိန်က တရုတ်သံအမတ်ကြီး "ချန်ယူရှန်" က "လက်ရှိမြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်မှုသည် ပြည်တွင်းရေးကိစ္စသာဖြစ်သဖြင့် သူ့အနေဖြင့် ပါဝင်နိုင်ခြင်းမရှိကြောင်း" ပြန်ကြားခဲ့သလို ပါဝင်ခြင်းလည်းမရှိခဲ့ပေ။ ထို့အတူ သံရုံးတစ်ခု ဧည့်ခံပွဲတွင်

*စာမျက်နှာ ၁၂ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA) ၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Sajjad Mohammad Sajid ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNOCHA တို့အကြား သဘောတူညီမှုစာလွှာ လက်မှတ်ရေးထိုးရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အခြေအနေများ၊ UNOCHA မှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ကိစ္စရပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ခရီးသွားလာခွင့်ကိစ္စရပ်များ၊ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးကိစ္စရပ်များနှင့် UNOCHAက ဆောင်ရွက်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းအစီအစဉ်ရေးဆွဲရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**





## သင်ကြားပို့ချပေးမည့် စာတွေ့လက်တွေ့သင်ခန်းစာများကို ထိထိမိမိသင်ယူလေ့လာ အလေးမအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ မွေးထုတ်နိုင်အောင်ကြိုးစား

**နေပြည်တော် ဇွန် ၂၆**

အလေးမအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးဆက်သစ်အားကစားသမားများစွာ မွေးထုတ်ပေးနိုင်စေရန်နှင့်အချိန်နှင့် တစ်ပြေးညီ တိုးတက်ပြောင်းလဲနေသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အချိန်တိုအတွင်း သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အလေးမဒိုင်နှင့် နည်းပြသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသားသင်တန်းသူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲနေသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို အချိန်တိုအတွင်း သိရှိလေ့လာခွင့်ရရှိမည်ဖြစ်သည့်အတွက် မိမိတို့ တာဝန်ကျရာဒေသအသီးသီးတွင် မျိုးဆက်သစ်အလေးမ အားကစားသမားများကို ရှာဖွေစည်းရုံး စုဆောင်း၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သင်တန်းမှ သင်ကြားပို့ချပေးမည့် စာတွေ့လက်တွေ့ သင်ခန်းစာများကို စိတ်ပါဝင်စားစွာဖြင့် ထိထိမိမိ သင်ယူလေ့လာပြီး အလေးမအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများစွာ မွေးထုတ်ပေးနိုင်သည့် နည်းပြဆရာကောင်းများ ဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို အခမ်းအနားမှူးသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၆**

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေလှဲ့ဝါသွေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။




အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကို ဇွန် ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ **သန်းဝင်း (သန်လျင်)**



ချောက်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်းကို ဇွန် ၂၅ ရက်က အထက(၄) ၌ ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးပြီး အဆိုပါဆောင်ရွက်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ကျော်မိုး(ပြန်/ဆက်)

*စာမျက်နှာ ၁၁ မှ*

မိုက်ကယ်အဲရစ်က “မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ တရုတ်အစိုးရအနေဖြင့် ကြေညာချက်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းရှိပါသလား” ဟု မေးမြန်းရာ သံအမတ်ကြီး “ချန်” က “တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးရာတွင် ဝင်ရောက်မစွက်ဖက်ရေးမူကို လိုက်နာပါသည်” ဟု ဖြေကြားခဲ့ခြင်းတို့က ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြောင်း သက်သေခံနေပါသည်။

ချစ်ကြည်ရေး ခရီးတစ်လျှောက်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် ယာယီသဘောဆောင်သည့် ပါးပါးလျလျ မိုးအုံ့မှိုင်းမှုများ ကွက်ကျားကွက်ကျား ရှိကောင်းရှိနိုင်သော်လည်း အစဉ်အဆက်နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုဖြင့် တည်ဆောက်ခဲ့သည့် “ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်” တစ်နည်းအားဖြင့် “ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးငါးပါးသီလ” ကိုတော့ မယိုင်နဲ့အောင်၊ မကျိုးပေါက်အောင် ကြိုးစားထိန်းသိမ်းနေကြသည်ဆိုတာကို နှစ်ပေါင်း (၇၀) တည်မြဲမှုက သက်သေခံလျက်ရှိပေသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး “ရှီကျင့်ဖျင်” လာရောက်လည်ပတ်စဉ်ကလည်း “တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့် အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ပြန့်ပွားစေပြီး လက်တွေ့ကျင့်သုံးသည့် စံနမူနာအဖြစ် ဆောင်ရွက်ရန်၊ နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံမည့် စံနမူနာအဖြစ် ရပ်တည်ရန်၊ နိုင်ငံတကာအသိုက်အဝန်းမှ လူသားကံကြမ္မာတူ အသိုက်အဝန်း လက်တွဲတည်ဆောက်မှုအား တွန်းအားပေးရန် ဆန္ဒရှိပါကြောင်း” ပြောကြားမှုက ထပ်မံသက်သေထူနေပါသည်။

ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်သူကလည်း “ထိုမူကြီး (၅) ရပ်ကို အခြေခံပြီး တည်ဆောက်ခဲ့သည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ခိုင်မာလာပြီး ၂၀၁၁ ခုနှစ်တွင် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်နိုင်ခဲ့ကြောင်း” ပြန်လည်ပြောကြားမှုများက မူကြီး(၅)ရပ်ကို နှစ်နိုင်ငံခေါင်းဆောင်များက လေးစားလိုက်နာခဲ့ကြကြောင်း ထင်ရှားသည့် သာဓကပေါ။

အချုပ်အားဖြင့် တရုတ် - မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ယနေ့နိုင်ငံတော်အကြီးအကဲဖြစ်သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဆောင်းပါးအစမှာ မိန့်ကြားခဲ့သည့် “အိမ်နီးချင်းထက် စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာ မရှိပါဘူး”၊ “အိမ်နီးချင်းဆိုတာ အရင်းအနှီးဆုံးနိုင်ငံဖြစ်ရမယ်”၊ “အိမ်နီးချင်းကောင်းပဲဖြစ်ရမယ်” ဆိုသည့် အိမ်နီးချင်းကျင့်ဝတ်ကောင်းများကို ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင် အမွန်အမြတ်များနှင့် ပြည်သူများအနေဖြင့် “ငါတို့သည် ဆွေမျိုးပေါက်ဖော်” “ထာဝရမိတ်ဆွေနိုင်ငံများ” “အမြဲတမ်း မဟာမိတ်ဆက်ဆံရေး” ဟူသည့် အမြင်ဖြင့် ခိုင်မာစွာအကောင်အထည်ဖော်မှုများကြောင့် နှစ်ပေါင်း (၇၀) တိုင်သည်အထိ ခိုင်မြဲခဲ့ခြင်းဖြစ်ပါသည်။

“ဤချစ်ကြည်ငြိမ်းချမ်းရေး ငါးပါးသီလ”၊ “ဤအိမ်နီးနားချင်းကောင်းကျင့်ဝတ်”၊ “ဤခိုင်မာသည့် ဆွေမျိုးပေါက်ဖော် စိတ်ရင်းအမွန်အမြတ်” တို့သည် နှစ်နိုင်ငံအပြန်အလှန် ချစ်ကြည်လေးစားယုံကြည်မှုကို ဒုတိယနဝဒေးကြီး၏ မော်ကွန်းမှာ ရေးထိုးခဲ့သည့် “တရုတ် မြန်မာ၊ မင်းတို့မှာလျှင်၊ ကမ္ဘာရှည်မြေ့၊ မြေမရွေ့သို့” ဟူသည့် အစဉ်အလာကောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မာရှယ် “ချင်ယီ” ၏ (၁၉၅၆) ခုနှစ်တွင် ရေးသားခဲ့သည့် “မြန်မာပြည်မှ မိတ်ဆွေများအတွက်” ကဗျာမှ “ကျွန်ုပ်တို့သည် အိမ်နီးချင်းများပါ၊ ကျွန်ုပ်တို့၏ ချစ်ကြည်မှု အစွန့်ရှည်ကြာခဲ့ပြီ” ဟူသည့် “ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြသည့် အိမ်နီးနားချင်းကောင်းများဘဝဖြင့် ဒေသတွင်း အေးချမ်းတည်ငြိမ်မှု”ကို ဆက်လက်ခိုင်မြဲစွာ ထိန်းသိမ်းနေကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်းနှင့် ထိန်းသိမ်းခဲ့ကြသည့် ထိန်းသိမ်းနေဆဲ နှစ်နိုင်ငံခေါင်းဆောင် အမွန်အမြတ်များအား လေးစားစွာဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ပါကစ္စတန်နိုင်ငံ ကရာချီမြို့၌ ပြင်းထန်သော အပူလှိုင်းဖြစ်မှုကြောင့် ၂၅ ဦးသေဆုံးပြီး လူပေါင်းထောင်ချီ ဆေးရုံတင်ထားရ

**အစ္စလာမ္မာဘတ် ဇွန် ၂၆**

လွန်ခဲ့သည့် သုံးရက်အတွင်း ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆိပ်ကမ်းမြို့ ကရာချီတွင် ပြင်းထန်သော အပူလှိုင်းဖြစ်မှုနှင့် ကြုံတွေ့ခဲ့ရပြီး အပူလျှပ်မှုကြောင့် ၂၅ ဦးထက်မနည်း သေဆုံးကာ အခြားလူပေါင်း ထောင်ချီ ဆေးရုံတင်ထားရကြောင်း ကယ်ဆယ်ရေး အသင်းအဖွဲ့များနှင့် ဒေသတွင်းမီဒီယာများက အင်္ဂါနေ့တွင် ပြောသည်။

ပြင်းထန်သောအပူချိန်ကြောင့် လူနာအများစုမှာ ရေဓာတ်ခန်းခြောက်လာကြောင်းနှင့် ရှေးဦးသူနာပြုစုမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ကြောင်း ဆရာဝန်များက ပြောသည်။ သို့သော်လည်း နှလုံးရောဂါ၊ ကင်ဆာကဲ့သို့ ရောဂါအခံရှိသော အချို့လူနာများက ဆေးရုံ၌ နောက်ထပ်ဆေးဝါးကုသမှုများခံယူလျက်ရှိကြောင်း ဆေးရုံသတင်းအရင်းအမြစ်များကို ကိုးကား၍ ဒေသတွင်းမီဒီယာများက ပြောသည်။

လွန်ခဲ့သည့် သုံးရက်အတွင်း အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ကို ကျော်လွန်ခဲ့ကြောင်း ပါကစ္စတန်မိုးလေဝသဦးစီးဌာနက ပြောသည်။ ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် ကရာချီမြို့၌ ပင်လယ်လေ ပြန်လည် တိုက်ခတ်နိုင်ကြောင်းနှင့် အပူချိန်မှာ တဖြည်းဖြည်း လျော့ကျသွားဖွယ်ရှိကြောင်း မိုးလေဝသဦးစီးဌာနက ခန့်မှန်းထားသည်။

ဆင်ဟွာ



ပါကစ္စတန်နိုင်ငံ ကရာချီမြို့ ဆေးရုံတစ်ရုံ၌ အပူလျှပ်လူနာတစ်ဦး ဇွန် ၂၅ ရက်က ဆေးဝါးကုသမှုခံယူစဉ်။

# ဖူဂျီတောင် မီးတောင်ဝတွင် သေဆုံးနေသူ သုံးဦး တွေ့ရှိ

**တိုကျို ဇွန် ၂၆**

ဖူဂျီတောင် မီးတောင်ဝတွင် တွေ့ရှိရသည့် လူသုံးဦးမှာ အသက်ရှင်သည့် လက္ခဏာမပြဘဲ သေဆုံးနေပြီဟု ဂျပန်ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။ တိုကျိုဒေသခံ တစ်ဦးထံမှ အကြောင်းကြားမှုကို ဇွန်၂၃ ရက်တွင် ရဲအရာရှိများက လက်ခံရရှိခဲ့သည်။ တာဝန်ရှိသူများထံ အကြောင်းကြားခဲ့သည့် အမျိုးသမီးက ၎င်း၏ အသက် ၅၃ နှစ်အရွယ် အမျိုးသားမှာ ဂျပန်နိုင်ငံ၏ အမြင့်ဆုံးတောင်သို့ တက်ရန် ထွက်ခွာသွားပြီးနောက် အဆက်အသွယ်ပြတ်တောက်နေကြောင်း အကြောင်းကြားခဲ့သည်။

အဆိုပါ အမျိုးသားသည် ဇွန် ၂၀ ရက်ကတည်းက နေအိမ်မှ ထွက်ခွာခဲ့ပြီး နောက်တစ်နေ့တွင် နေအိမ်သို့ ပြန်ရောက်ရမည်ဖြစ်သည်။ ဇွန် ၂၂ ရက် နံနက်ပိုင်းက တောင်ထိပ်တွင် ရိုက်ထားသည့် ဓာတ်ပုံကို မိသားစုထံပို့ပေးပြီး နောက် အဆိုပါ အမျိုးသားနှင့် လုံးဝ အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ ပျောက်ဆုံးနေသည့် အမျိုးသားကို ရဲများက ရှာဖွေနေစဉ် ရှီဇူအိုကာခရိုင်ဘက်ခြမ်းရှိ တောင်ထိပ်တွင် လူသုံးဦးကို သေဆုံးနေသည့် အနေအထားဖြင့် တွေ့ရှိခဲ့သည်။

အဆိုပါသုံးဦးမှာ တောင်တက်သမားများဖြစ်ဟန်ရှိပြီး မတူညီသည့် နေရာများတွင် သီးခြားစီ သေဆုံးနေကြခြင်း ဖြစ်သည်။ ရဲများက ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို ရှာဖွေနေပြီး မည်သို့သေဆုံးရသည်ကိုလည်း စုံစမ်းနေကြသည်။ ဖူဂျီတောင်တက်လမ်းကို လောလောဆယ် ပိတ်ထားသော်လည်း လူအချို့က တောင်တက်ရန် ကြိုးစားနေကြဆဲဖြစ်သည်။

တောင်ထိပ်အနီး အပူချိန်ကျဆင်းနေပြီး ဆီးနှင်းများ ထူထပ်နေသည်။ လွန်ခဲ့သည့်နှစ် ဇူလိုင် ၁ဝ ရက်မှ စက်တင်ဘာ ၁ဝ ရက်အတွင်း ရှီဇူအိုကာခရိုင်ဘက်ခြမ်းမှ တောင်တက်သည့်သူများ အပါအဝင် မတော်တဆမှုပေါင်း ၆၃ ခု ဖြစ်ပွားခဲ့သည်။ အဆိုပါ ပမာဏမှာ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



# ဇန်နဝါရီလမှ မေလအတွင်း အစ္စတန်ဘူလ်သို့ နိုင်ငံခြားခရီးသွား ခုနစ်သန်းနီးပါး ဝင်ရောက်

**အစ္စတန်ဘူလ် ဇွန် ၂၆**

ယခုနှစ် ပထမငါးလအတွင်း တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့သို့ နိုင်ငံခြားခရီးသွား ခုနစ်သန်းနီးပါး လာရောက်လည်ပတ်ခဲ့သည်ဟု ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဇွန် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ အစ္စတန်ဘူလ်သို့ လာရောက်သည့် နိုင်ငံခြားခရီးသွားမှာ လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၃၀ ဒသမ ၃၁ ရာခိုင်နှုန်းတိုးလာကြောင်း အချက်အလက်များအရ သိရသည်။

မေလတစ်လတည်းတွင် အစ္စတန်ဘူလ်သို့ လာရောက်သည့် နိုင်ငံခြားခရီးသွားဦးရေမှာ ၁ ဒသမ ၇ သန်းရှိပြီး ယမန်နှစ်ကထက် ၁၁ ဒသမ ၄၈ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။ မေလအတွင်း အစ္စတန်ဘူလ်သို့ လာရောက်သည့် နိုင်ငံခြားခရီးသွားအများစုမှာ ရုရှားနိုင်ငံမှ ဖြစ်ပြီး ယင်းနောက်တွင် အမေရိကန်နှင့် အီရန်တို့မှ လာရောက်သူများပြားကြောင်း အချက်အလက်များအရ သိရသည်။

ဇန်နဝါရီလမှ မေလအတွင်း တူကီယဲနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွား စုစုပေါင်းမှာ ၁၅ ဒသမ ၈ သန်း ရှိပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၂ ဒသမ ၄၇ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

တူကီယဲနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွား သန်း ၆ဝ လာရောက်လည်ပတ်ရန် မျှော်မှန်းထားပြီး ခရီးသွားလုပ်ငန်းမှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၆ဝ ဘီလီယံရရှိရန်လည်း မျှော်လင့်ထားသည်။။

ဆင်ဟွာ



# နီပေါနိုင်ငံ၌ မုတ်သုံမိုးကြောင့် ၂၇ ဦး သေဆုံး

**ခတ္တမန္ဒူ ဇွန် ၂၆**

နီပေါနိုင်ငံတွင် လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်ခန့်က ရွာသွန်းခဲ့သော မုတ်သုံမိုးကြောင့် လူ ၂၇ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ဇွန် ၂၆ ရက်တွင် ပြောကြားလိုက်သည်။

ဒေသလေးခုတွင် မြေပြိုကျမှုနှင့် ရေကြီးမှုများကြောင့် လူကိုးဦးသေဆုံးပြီး ၁ဝ ဦးဒဏ်ရာရရှိခဲ့သည်။ တခြားပြည်နယ်နှစ်ခုတွင် လျှပ်စီးလက်မိုးကြိုးပစ်ခြင်းကြောင့် ငါးဦးသေဆုံးခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ရေထဲမျောပါသွားသူနှစ်ဦးကို ယခုချိန်အထိ ရှာမတွေ့သေးကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီဂျန်ဘာတာရီက ပြောကြားခဲ့သည်။

လွန်ခဲ့သောသီတင်းပတ် မုတ်သုံရာသီစတင်ချိန်ကတည်းက ယခုချိန်အထိ သေဆုံးသူ ၂၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဘာတာရီက ပြောသည်။

တောင်ကုန်းထူထပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နီပေါနိုင်ငံသည် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များကို ပုံမှန်ကြုံတွေ့လေ့ရှိသည်။ **ဆင်ဟွာ**

# ဇင်ဘာဘွေနိုင်ငံ၌ ရထားနှင့်ဘတ်စ်ကား တိုက်မှုဖြစ်ပွား၊ တစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရ

**ဟာယာရီ ဇွန် ၂၆**

ဇင်ဘာဘွေနိုင်ငံ၏ မြို့တော်ဟာယာရီရှိ ရထားလမ်းဖြတ်တစ်နေရာ၌ တနင်္လာနေ့အစောပိုင်းတွင် ရထားတစ်စင်းက ဘတ်စ်ကားတစ်စီးကို ဝင်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အခြားခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောသည်။

ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲတွင် အဆိုပါ မတော်တဆမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က လူမှုကွန်ရက် X တွင် ရေးသား ဖော်ပြထားသည်။ ဘတ်စ်ကား ယာဉ်မောင်းမှာ ရထားလမ်းဖြတ်တွင် ရပ်တန့်ခြင်းမရှိသည့်အတွက် ခရီးသည် ၆၆ ဦး တင်ဆောင်လာသော ဘတ်စ်ကားကို ရထားက ဝင်တိုက်မိခြင်းဖြစ်ကြောင်း၊ ယင်းမတော်တဆမှုကြောင့် အခင်းဖြစ်ပွားသည့် နေရာတွင် တစ်ဦးသေဆုံးကာ အခြားခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဇင်ဘာဘွေနိုင်ငံ မာနီကာလန်းပြည်နယ်၌ ဘတ်စ်ကားတစ်စီး မီးလောင်မှုကြောင့် ခရီးသည် ကိုးဦး သေဆုံးသည့် ဖြစ်ရပ်ဖြစ်ပွားအပြီး ရက်သတ္တတစ်ပတ်ကျော်အတွင်း အဆိုပါဖြစ်ရပ် ထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်များပါဝင်သော ယာဉ်မတော်တဆမှုများသည် ဇင်ဘာဘွေနိုင်ငံတွင် အဖြစ်များလေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## ကန့်ဘလူခရိုင်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ကွမ်းများကိုလည်း ယာကွက်များတွင်လည်းကောင်း၊ နေအိမ်ခြံဝင်းများတွင်လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

ကန့်ဘလူခရိုင်အတွင်း ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကွမ်းရွက်များကို ကန့်ဘလူမြို့၊ ကျွန်းလှမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ကွမ်းဝင်ရောက်မှုအပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **DOCA (စစ်ကိုင်း)**

## ကန့်ဘလူမြို့နယ်၏ ပဲတီစိမ်းဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်သောဒေသတစ်ခုဖြစ်ရာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ထန်းကုန်းကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ကံရိုးကျေးရွာနှင့် အခြားကျေးရွာများတွင် ပဲတီစိမ်းကို စိုက်ပျိုးကြကြောင်း၊ ယခုအခါ ပဲတီစိမ်းများ ဈေးကွက်အတွင်း ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အလုံးလှ၍ အကွဲအနာကင်းလျှင် ဈေးပိုမိုရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှ ထွက်ရှိသော ပဲတီစိမ်းသီးနှံများကို မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ပဲတီစိမ်းများ ဈေးကောင်းရရှိလျက်ရှိသောကြောင့် ပဲတီစိမ်းစိုက်တောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်များ ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**





## စလင်းမြို့နယ်အတွင်း နှမ်းနှမ်းများ စတင်ထွက်ပေါ်၍ ဈေးကောင်းရရှိ

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မိုးဝန်းကျေးရွာရှိ တောင်သူများသည် မိုးစပါး၊ ကုလားပဲနှင့် နှမ်းနှမ်း စသည့်သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် နှမ်းနှမ်းများကို မတ်လအလယ်တွင် စတင်စိုက်ပျိုးပြီး ဇွန်လတွင် ရိတ်သိမ်းကြောင်း၊ မျိုးအနေဖြင့် ဂျပန်နှမ်းဖြူ မျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ ရိတ်သိမ်းစရိတ်နှင့် လုပ်အားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ အထွက်နှုန်း ၈ - ၁၀ တင်းခန့် ထွက်ရှိကြောင်း၊ နှမ်းနှမ်းစိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှု နည်းပါး၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးရသည့်အတွက် ယခုနှစ်နှမ်းအထွက်နှုန်းမှာ အသင့်အတင့်သာထွက်ရှိပြီး မြေအနေအထား၊ သွင်းအားစုသုံးစွဲမှု၊ အောင်မြင်ဖြစ်ထွန်းမှုများအပေါ် မူတည်၍ အထွက်နှုန်း ကွဲပြားမှုရှိကြောင်း သိရသည်။



တောင်သူများသည် ထွက်ရှိသည့်နှမ်းများကို မျိုးနှင့် ဆီကြိတ်ခွဲ စားသုံးရန်ချန်၍ ကျန်ရှိသည့်နှမ်းများကို စလင်းမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် နှမ်းနှမ်းအထွက်နှုန်းနည်းပါးသော်လည်း နှမ်းဈေးနှုန်းကောင်းမွန်မှုကြောင့် မိုးဝန်းကျေးရွာရှိ နှမ်းနှမ်းစိုက်တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

## နတ်တလင်းမြို့နယ်၌ ပန်းထိမ်ငိုပန်းများ လှိုင်လှိုင်ပေါ် ရန်ကုန်၊ ပြည်၊ မကွေးနှင့် သုံးဆယ်မြို့တို့သို့ တင်ပို့

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ်အတွင်းရှိ အနောက်စုကျေးရွာ၊ မှန်တန်းကြီးကျေးရွာ၊ ဘိုးသာအောင်ကုန်းကျေးရွာ၊ ကုန်းကြီးကျေးရွာ၊ ရှားဖြူကုန်းကျေးရွာနှင့် ကြွက်နွယ်တောကျေးရွာများ၌ ပန်းထိမ်ငိုပန်း (ခေါ်) ပန်းထိမ်မနိုင်ပန်းများကို စီးပွားဖြစ်အနေဖြင့် လည်းကောင်း၊ အခြားကျေးရွာများတွင် တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း ရေသွင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။

ဇွန်လတတိယပတ်မှ စတင်၍ ပန်းထိမ်ငိုပန်း (ခေါ်) ပန်းထိမ်မနိုင်ပန်းများ စတင်ထွက်ပေါ်လျက်ရှိရာ ပန်းကုန်သည်များက ခြံများသို့လာရောက်ဝယ်ယူကြကြောင်း၊ ပန်းထိမ်ငိုပန်း (ခေါ်) ပန်းထိမ်မနိုင်ပန်းများ စတင်ထွက်ပေါ်ချိန်တွင် ဒေသတွင်းမြို့နယ်များသို့သာ ရောင်းချနိုင်ပြီး ပန်းများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ရန်ကုန်၊ ပြည်၊ မကွေးနှင့် သုံးဆယ်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**DOCA(ပဲခူး)**

### ၂၆.၆.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရွှေတောင် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ | |
| ၂ | လားရှိုး | ၃၇၀၀ | | ၇၂၀၀ | ၂၀၀၀၀ | ၆၃၄၅ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၆၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ | |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ | |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ | |
| ၇ | ထားဝယ် | ၄၀၅၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၂၇၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | | |
| ၈ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၃၀၀၀ | ၂၉၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၉၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၁၆၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | | |
| ၉ | ရန်ကုန် | ၃၇၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၅၈၀၀ | ၁၀၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၃၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ | |
| ၁၀ | ပုသိမ် | ၃၆၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၆၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | |
| ၁၁ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ | |
| ၁၂ | မုံရွာ | ၃၃၀၀ | ၃၀၀၀ | ၆၁၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၅၅၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | |
| ၁၃ | မန္တလေး | ၄၂၀၀ | | ၆၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ | |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၅၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | |
| ၁၅ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၃၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | |
| ၁၆ | ပြည် | ၃၀၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ | |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ | |
| ၁၈ | ပျဉ်းမနား | ၃၀၀၀ | | ၆၂၅၀ | ၁၅၄၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၂၄၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၈၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၄၂၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ | |
| ၁၉ | နေပြည်တော် | ၃၀၀၀ | | ၆၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၂၄၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၄၀၀ | ၁၄၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ | |
| ၂၀ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ | |




# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် နေထိုင်သည့် အသက် ၁၅ နှစ်အောက် ကလေးငယ်များကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဘုန်းတော်ကြီးကျောင်းများတွင် နေထိုင်သည့် အသက် ၁၅ နှစ်အောက် ကလေးငယ်များကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း ဆောင်ရွက်ခြင်းအနေဖြင့် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စု လယ်သာကျေးရွာအတွင်းရှိ အဝါရောင် မျိုးဆက်သစ် မိဘမဲ့နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (Yellow Generation Wave–YGW) တွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက ဇွန် ၂၄ ရက် နံနက် ၉ နာရီမှစတင်၍ ကလေးငယ် ၂၂၇ ဦးကို တတိယအကြိမ် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ကာကွယ်ဆေး ထိုးနှံသည့် နေရာသို့ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တာဝန်ရှိသူများက လာရောက်ကြီးကြပ်ခဲ့ပြီး၊ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိမ့်သိမ့်ထွေး ဦးဆောင်သည့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေးများကို ထိုးနှံပေးကြသည်။

အဝါရောင် မျိုးဆက်သစ် မိဘမဲ့နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (YGW) အတွင်းရှိ အသက် ၅ နှစ်နှင့် ၁၅ နှစ်ကြား ကလေး ၂၂၇ ဦးကို ကာကွယ်ဆေးများ အထူးအစီအစဉ်ဖြင့် ထိုးနှံပေးရာတွင် ပထမအကြိမ်အဖြစ် ၅.၂.၂၀၂၄ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၁၄.၄.၂၀၂၄ ရက်တွင်လည်းကောင်း ထိုးနှံပေးခဲ့ပြီး ယခုတတိယအကြိမ်အဖြစ် ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၆

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်းအတွက် သတင်းထောက် ဦးထွန်းဇော် (စမ်းချောင်း) က သမီး မခိုင်ဖြူဖြူထွန်း၊ မနှင်းနီနီထွန်းနှင့် မြေး မောင်ကျော်ကိုဇင် (ဩဂုတ်လဖွားများ) မွေးနေ့အတွက် အလှူ ငွေကျပ်တစ်သိန်းနှင့် ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ (မှော်ဘီ) အတွက် အလှူငွေကျပ်တစ်သိန်း စုစုပေါင်းအလှူငွေကျပ်နှစ်သိန်းကို ယနေ့နံနက်ပိုင်းက အသင်းရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**အေးသန်း (စိန်တုံးကြီး)**




**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ်၊ တောတွင်းသစ်ပင်၊ အကုန်စုပ်၊ တို့တွေရှူသွင်း၊ လေသန့်ရှင်း မချင်းရမှာ၊ တောကသာ**

# ဆီဆိုင်မြို့နယ်အတွင်း လွယ်ထွဲကျေးရွာ၌ ပုံမှန်ဈေးလာရောင်းနေသည့် ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာမှ လူငယ်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် လွယ်မောတောင်ဒေသရှိ ကျေးရွာများကို တစ်အိမ်လျှင် ငွေကျပ်သုံးသောင်း ကောက်ခံခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၂၆

ဆီဆိုင်မြို့နယ်အတွင်း လွယ်ထွဲကျေးရွာ၌ ပုံမှန်ဈေးလာရောင်းနေသည့် ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာမှ လူငယ်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် လွယ်မောတောင်ဒေသရှိ ကျေးရွာများကို တစ်အိမ်လျှင် ငွေကျပ် သုံးသောင်း ကောက်ခံခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်းမရှိကြောင်းနှင့် ကျေးရွာအချို့တွင် ငွေတောင်းခံခဲ့သည်ဆိုသည့် သတင်းမှာလည်း လုပ်ကြံရေးသားသည့် သတင်းအမှားသာဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိမှုအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့်ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား၍ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "အမေ့ရွာပြန်ချင်တယ်" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ ကျော်ဇေယျာထွန်းအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် "Lae War Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိကားကြီးကွင်းနေ လဲ့ဝါစိုးအား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ @Chitsulay 019 (Happy Family) Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက်နေ စုလှိုင်ဌေးအား ည ၁၁ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့ဂီတနေ့ဂုဏ်ပြုဆောင်းပါး

# မြန်မာ့ဂီတနေ့ကို ကြိုဆိုပါသည်

**၂၀၂၄ ခုနှစ် မေ ၁၆ ရက်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစည်းအဝေးခန်းမတွင် မြန်မာ့ဂီတနေ့ကျင်းပရေး၊ ဂီတအကယ်ဒမီဆုပေးပွဲကျင်းပရေးကိစ္စများနှင့် စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ သီးခြားဖိတ်ကြားထားသော ဂီတပညာရှင်များနှင့် တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဂီတနေ့ကို ရန်ကုန်မြို့၌ ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်တွင် ဂီတလောကသားများအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် ဂီတစွမ်းရည်ကို ပြသနိုင်ရန်ဖြစ်ပါကြောင်း၊ ဂီတအကယ်ဒမီဆုပေးပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပလိုမှုအပေါ် အချိန်မီဆောင်ရွက်နိုင်ရေး အခြားပညာရှင်များကို ဖိတ်ခေါ်၍ အကြံဉာဏ်ရယူပြီး အသေးစိတ်စီစဉ်ဆောင်ရွက်ကြရန် မိန့်မှာချက်များကို မြန်မာ့ရုပ်မြင်သံကြားသတင်းနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ကြားမြင်ဖတ်ရှုရသည်။**

ရန်ကင်း - ကိုကိုလေး

မြန်မာ့ဂီတနေ့ ဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံဂီတကောင်စီစည်းရုံးရေးကော်မတီ လက်ထက် (၁၉၇၅-၁၉၈၈)ကာလ၊ ထိုစဉ်က အတွင်းရေးမှူးအဖြစ် တာဝန်ယူထားသူ ဦးလွင်မြင့်သည် ဂီတနေ့ပေါ်ထွန်းရေးအတွက် ၁၉၈၇ ခုနှစ်မှ စတင်၍ အဆိုပြုခဲ့သည်ကို အမှတ်ရမိပါသည်။

## ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆို

ယနေ့ကာလ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၏ မြန်မာ့ဂီတနေ့နှင့် ဂီတအကယ်ဒမီဆုပေးပွဲ အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်ချက်များကို ဂီတလောကသားများက ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုလျက်ရှိကြပါသည်။

မြန်မာ့ဂီတနေ့ သတ်မှတ်နိုင်ရန်အတွက် ဂီတပညာရှင်များကအကြံပြုကြရာတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲစဉ်တွင် မြန်မာတိုင်းရင်းသားများ၏ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးသော သမိုင်းပေးတာဝန်ကျေပွန်ခဲ့ကြသည့် ဂီတပညာရှင်ကြီးများကို ဂုဏ်ပြုရာ၊ ဂုဏ်တင်ရာ၊ ဂုဏ်ယူစရာဖြစ်အောင်၊ ဂီတသမားများ ထာဝစဉ်အမျိုးသားရေးစိတ်ဓာတ်ရှင်သန်နေစေရအောင် ၁၉၃၆ ခုနှစ် ဇွန်လ ၂၇ရက်တွင် မြင်းခြံမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တို့ဗမာအစည်းအရုံးညီလာခံကြီးက တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဇွန်လ ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ်သတ်မှတ်ရန် ၂၀၁၃ ခုနှစ် ဇွန်လ ၄ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် သတ်မှတ်အတည်ပြုခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ဂီတနေ့ အခမ်းအနားနှင့် ဂီတအကယ်ဒမီဆုပေးပွဲကျင်းပနိုင်ရေးအတွက် ဂီတအလွှာပေါင်းစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (၁-၆-၂၀၂၄ ရက်)

မြန်မာနိုင်ငံဂီတသမိုင်းကြောင်း မြစ်ဖျားခံရာသည် ထီးသုံးနန်းသုံး မဟာဂီတ၊ ကျေးလက်တေးဂီတ၊ ထိုမှတစ်ဖန် ကိုလိုနီခေတ် ရောင်းတမ်းဓာတ်ပြားတေးဂီတ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ တေးဂီတ၊ လွတ်လပ်ရေးရပြီးကာလ တေးဂီတ၊ ကာလပေါ်တေးဂီတ၊ ခေတ်ပေါ်ခေတ်ဆန်းတေးဂီတ စသဖြင့် ခေတ်အဆက်ဆက် ဂီတပညာရှင်များစွာ ပေါ်ထွန်းခဲ့ရာ ထိုခေတ်အဆက်ဆက် ဂီတပညာရှင်များက ဂီတလက်နက်ဖြင့် နိုင်ငံတော်အကျိုးသယ်ပိုးခဲ့ကြသည်။

## တို့ဗမာအစည်းအရုံးအတွက် သီချင်းရေးသားစပ်ဆို

လွတ်လပ်ရေးကြိုးပမ်းမှုကာလ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်မှစ၍ မြန်မာလူငယ်များသည် တို့ဗမာဝါဒကို စွဲကိုင်ပြီး လှုပ်ရှားလာကြရာ မန္တလေးဂီတလောကမှ ရန်ကုန်သို့ဆင်းလာသော ဂီတပညာရှင်ဝိုင်အမ်ဘီဆရာတင်သည် ဝိုင်အမ်ဘီသခင်တင် ဘဝသို့ ကူးပြောင်းကာ ဆရာသခင်ဘသောင်း၊ သခင်သိမ်းမောင်၊ သခင်လှဘော်၊ သခင်သာဒိုး၊ သခင်အုန်းဖေ၊ သခင်ကျော်စိန်ထွန်း၊ သခင်ဖိုးနီ စသော သခင်လူငယ်များနှင့်တိုင်ပင်ပြီး တို့ဗမာအစည်းအရုံးအတွက် သီချင်းတစ်ပုဒ်ရေးသားစပ်ဆိုခဲ့ကြသည်။

ထိုသီချင်းကို တို့ဗမာအစည်းအရုံးဝင်များ အစည်းအဝေးကျင်းပတိုင်း သံပြိုင်သီဆိုခဲ့ကြရာ မြန်မာမျိုးချစ်တိုင်းရင်းသားလူငယ်များ၏ သူ့ကျွန်မခံလိုစိတ်၊ မျိုးချစ်စိတ်၊ ဇာတိမာန်များ တဖွားဖွားပေါ်ပေါက်ကာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ ရှင်သန်လာကြပြီး နယ်ချဲ့ကိုတွန်းလှန်ရန်၊ လွတ်လပ်ရေးကို အရယူရန် စိတ်အားထက်သန်လာခဲ့ကြသည်။ ထိုသီချင်းကား ယနေ့ နိုင်ငံတော်သီချင်း၏ သန္ဓေတည်ရာ တို့ဗမာသီချင်းဖြစ်သည်။

## နိုင်ငံတော်သီချင်း

လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော် တတိယညီလာခံ အဋ္ဌမမြောက်အစည်းအဝေးက ဤအမျိုးသားသီချင်းကိုပင် အပြီးသတ်ရွေးချယ်ပြီး နိုင်ငံတော်သီချင်းအဖြစ် မူလအပိုဒ်တွင် စာသားများပြင်ဆင်ကာ ပထမဆုံးအကြိမ် တရားဝင်ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။

ထိုစဉ်က နိုင်ငံတော်သီချင်းဖြစ်မြောက်ရေးကော်မတီတွင် ဒီးဒုတ်ဦးဘချို၊ ပန်းချီဦးငွေကိုင်၊ ဒဂုံဆရာတင်၊ ဦးခင်ဇော်၊ ဦးထင်ဖတ်(မောင်ထင်) စသော ဂီတ၊ စာပေ၊ ပန်းချီပညာရှင်များကတည်းဖြတ်ပြင်ဆင်ခဲ့ကြောင်း သိရသည်။

ထိုသို့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းနှင့် ဆက်စပ်နေသော တို့ဗမာအစည်းအရုံးမှ တို့ဗမာသီချင်းကို နိုင်ငံတော်သီချင်းအဖြစ် အတည်ပြုခဲ့သော ဇွန်လ ၂၇ ရက်ကို မြန်မာနိုင်ငံ ဂီတနေ့အဖြစ် အတည်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်အားပေးချီးမြှင့်ခဲ့ပါသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကူညီပံ့ပိုးပေးကြသော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ပါသည်။

## သမိုင်းဝင်ဂီတနေ့

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) သည် သမိုင်းဝင်ဂီတနေ့ဖြစ်သော ဇွန်လ ၂၇ ရက်ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ဂီတပြိုင်ပွဲများ၊ ပြပွဲများ၊ ဂီတဆုချီးမြှင့်ပွဲများနှင့် ဂီတနှင့်ပတ်သက်သော လှုပ်ရှားမှုများကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော မြို့နယ်ဂီတအစည်းအရုံးများကိုလည်း မိမိတို့အစီအစဉ်များဖြင့် ဂီတနေ့ကို ကြိုဆိုဂုဏ်ပြုသော အခမ်းအနားများ ကျင်းပကြရန် ညွှန်ကြားထားပြီးဖြစ်ရာ မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်များသည် မြို့နယ်ဂီတအစည်းအရုံးများ၏ ဦးဆောင်မှုဖြင့် မြန်မာ့ဂီတနေ့ကို ဂုဏ်ပြုသည့်အခမ်းအနားများကို စုစည်းညီညွတ်တက်ကြွစွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

မြန်မာ့ဂီတနေ့ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများတွင် အဆို၊ အတီး၊ အကများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည့်အပြင် မြို့နယ်အတွင်းရှိ သက်ကြီးဂီတပညာရှင်များကို ပူဇော်ကြသည်မှာလည်း ကြည်နူးဖွယ်ရာပင် ဖြစ်သည်။ ဂီတလောကဖွံ့ဖြိုးရေး၊ ဂီတပညာပြန့်ပွားရေး၊ ဂီတလောကသားများဘဝ အာမခံချက်ရှိရေးကို ဂီတလောကသားများက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း မေတ္တာပြုဆုတောင်းပါသည်။

မြန်မာ့ဂီတနေ့ ပေါ်ထွန်းရေးအတွက် ကာလရှည်ကြာကြိုးပမ်းဆောင်ရွက်ခဲ့သော ယနေ့ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ရင်းဖြင့် မြန်မာ့ဂီတနေ့နှင့် ဂီတအကယ်ဒမီကို ဂုဏ်ပြုကြိုဆိုလိုက်ပါသည်။

**ဂီတစွမ်းအားဖြင့် ပြည်ထွန်းကားပါစေ။** ။

**မှီငြမ်း**
မြန်မာ့ဂီတနေ့မှတ်တမ်း - ဦးလွင်မြင့်
မြန်မာ့ဖြစ်ရပ် (၁၀၀) - မောင်ကြည်သန့်
ဂီတနေ့သတ်မှတ်မည်ဆိုလျှင် - မြို့မမောင်မောင်

❑ **သမိုင်းပေးတာဝန်ကျေပွန်ခဲ့ကြသည့် ဂီတပညာရှင်ကြီးများကို ဂုဏ်ပြုရာ၊ ဂုဏ်တင်ရာ၊ ဂုဏ်ယူစရာ ဖြစ်အောင်၊ ဂီတသမားများ ထာဝစဉ်အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နေစေရအောင် ၁၉၃၆ ခုနှစ် ဇွန်လ ၂၇ ရက်တွင် မြင်းခြံမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တို့ဗမာအစည်းအရုံးညီလာခံကြီးက တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဇွန်လ ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ် သတ်မှတ်ရန် ၂၀၁၃ ခုနှစ် ဇွန်လ ၄ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံဂီတအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် သတ်မှတ်အတည်ပြုခဲ့**

## အောင်သည့်ခရီး အောင်စည်တီး၍

❖ မြန်မာ့ဂီတ သုခမကား
ရသကိုးလီ တစ်ပါးစီကို
ပီပြင်သီကုံး သံဖြင့်မှုန်း၍
ထုံးစံစည်းဝါး အလေးထားကာ
နားဝင်ပီတိ ဝွမ်းဆီထိသို့။

❖ နိုင်ငံလူမှု တည်ထောင်ပြုဝယ်
စုစုရုံးရုံး မျိုးချစ်နှုန်းဖြင့်
လုံ့လလည်းထု ဉာဏ်လည်းကူ၍
မူတည်အရပ် ပြည်ဆီကပ်လျက်
သပ်ရပ်ဂီတ ဖိုးတန်ပြဖို့။

❖ ယုံကြည်ကိုးကွယ် အမြစ်နွယ်၌
တွယ်ခိုင်ဉာဏ်ဖွင့် သစ္စာပွင့်ရန်
ချင့်တွက်ဝေဖန် ဓမ္မစံကို
ကြံစည်ရေးထုတ် လမ်းပြမှုန်သို့။

❖ ဂီတနယ်ပယ် ကောင်းကျိုးသယ်၍
ထည်ဝါခန့်လေး လွတ်လပ်ရေးနှင့်
ဘေးစုံရှောင်လှမ်း သမိုင်းခန်းသည်
မြန်းကြာရက်ရှည် မြန်မာ့မြေတွင်
ခြေနေတိုးလျက် တန်ခိုးထွက်ကာ
ဆက်လက်ခရီး အောင်မြင်ပြီးပါစေသတည်း။ ။

ညိုဝင်း (ချစ်မြေ)

(၂၇.၆.၂၀၂၄ ရက်နေ့တွင် ကျရောက်သည့် "မြန်မာ့ဂီတနေ့" "၁၁" နှစ်မြောက်ကို ဂုဏ်ပြုရေးဖွဲ့အပ်ပါသည်။)

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကလေးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



မုံရွာ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၅ ရက် မွန်းလွဲပိုင်းတွင် ကလေးမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသော ကလေး ခရိုင်/ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ ခရိုင်ပညာရေးမှူးက ခရိုင်အတွင်းရှိ မြို့နယ်များ၌ အခြေခံပညာ ကျောင်းများ ဖွင့်လှစ်ထားရှိမှုနှင့် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်ပညာရေးမှူးထံ ထောက်ပံ့ငွေများပေးအပ်ပြီး ခရိုင်အတွင်းရှိ မြို့နယ်များ၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှုနှင့် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များ အပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးက ခရိုင်/ မြို့နယ်များအတွင်း သီးနှံများစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နတ်ရှင်နောင် လမ်းပိုင်း(၂) ကို အရှည်-ပေ ၂၅၀၀၊ အကျယ်-၁၈ ပေ၊ ထု ၇ လက်မ ကွန်ကရစ်လမ်း ခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များ အပေါ်လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ကွန်ကရစ်လမ်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း ရန်ကုန် - ဗီယင်ကျန်း ခရီးစဉ်သစ်ဖွင့်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့မှ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ပျံသန်းပြေးဆွဲမည့် ရန်ကုန်-ဗီယင်ကျန်းခရီးစဉ်သစ်ကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI) မှ ဇွန် ၂၅ ရက်မှစတင်၍ ပျံသန်းပြေးဆွဲခြင်းအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal 1 တွင် ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mr. Heuangseng Khamdalavong၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI) ၏ စီအီးအို Mr.Tanes Kumar နှင့် Director General of The Department of Civil Aviation Myanmar မှ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ယင်း ရန်ကုန်-ဗီယင်ကျန်း၊ ဗီယင်ကျန်း-ရန်ကုန် လေကြောင်းလိုင်း ခရီးစဉ်သစ်ကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေးဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်ခန့်ပျံသန်းပြေးဆွဲမည်ဖြစ်ကာ လေကြောင်းလက်မှတ်များကို အမေရိကန်ဒေါ်လာ ၁၅၉ ဒေါ်လာဖြင့် စတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၆ - ၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၅၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၅၀ ကျပ် | ၂၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၈၀ ကျပ် | ၂၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၁၅ ကျပ် | ၂၇၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၀၀၀ | ၃၂၃ | ၂၉၁၅၀၀၀ |
| MTSH | ၃၂၅၀ | ၃၃၅၀ | ၄၃၄၁၉ | ၁၄၃၂၇၄၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၁၄၄၉ | ၂၅၂၇၁၀၀ |
| TMH | ၂၇၅၀ | ၂၈၅၀ | ၂၅၀ | ၆၉၇၅၀၀ |
| EFR | ၁၉၀၀ | ၁၉၅၀ | ၁၀၃၄ | ၁၉၇၂၆၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၃၅၀ | ၃၃၅၀ | ၂၅၈၈ | ၈၆၇၈၇၅၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၃ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-029(24-25)CAP (Second Retender) | Spare Parts for Drive Group (10) Items | Ks |
| (၂) | DMP/L-063(24-25)CAP (Third Retender) | Spare Parts for HK 250 T HDD Rig | Ks |
| (၃) | DMP/L-064(24-25)CAP (Second Retender) | Spare Parts for Mack Truck (33) Items | Ks |
| (၄) | DMP/L-097(24-25) (Retender) | Lubricant Oil (2) Items | Ks |
| (၅) | DMP/L-126(24-25) (Retender) | Electrical Materials for All CNG Station (3) Groups | Ks |
| (၆) | DMP/L-167(24-25)CAP (Retender) | Electrical Materials for 11-6.6/0.4 KV, 500 KVA Transformer (7)Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၆-၂၀၂၄ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၇-၂၀၂၄ ရက် (၁၃:၀၀) နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၁ နှင့် ၅)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၄

ဦးဘောက်နော်(ခ)အင်ဂေါ့ဘောက်လာ နှင့် ဒေါ်နန်ဂျာ

**တရားလို** **တရားပြိုင်**

မြစ်ကြီးနားမြို့၊ အမှတ်(၈/၁၃၆)၊ လယ်ကုန်းရပ်ကွက်နေ ဒေါ်နန်ဂျာ (ဘ)ဦးကွမ်ဝေါမ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘောက်နော်(ခ)အင်ဂေါ့ဘောက်လာက (၃-၁၂-၂၀၁၇) ရက်စွဲပါ အခွင့်အရေး စွန့်လွှတ်စာချုပ်နှင့်(၃၀-၁၀-၂၀၁၆)ရက်စွဲပါ အပြီးအပိုင် အခွင့်အရေး စွန့်လွှတ်စာချုပ်တို့ကို ပယ်ဖျက်ပေးစေလိုကြောင်း နှင့်လျှောက် ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂၄)ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့်၊ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းကိုကို)
ခရိုင်တရားသူကြီး
မြစ်ကြီးနားခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၁ နှင့် ၅)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၃

ဦးဘောက်နော်(ခ)အင်ဂေါ့ဘောက်လာ နှင့် ဒေါ်နန်ဂျာ

**တရားလို** **တရားပြိုင်**

မြစ်ကြီးနားမြို့၊ အမှတ်(၈/၁၃၆)၊ လယ်ကုန်းရပ်ကွက်နေ ဒေါ်နန်ဂျာ (ဘ)ဦးကွမ်ဝေါမ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘောက်နော်(ခ)အင်ဂေါ့ဘောက်လာက (၉-၁၂-၂၀၁၇) ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှကွာရှင်းပြတ်စဲခြင်း ကတိစာ ချုပ်ကို ပယ်ဖျက်ပေးစေလိုကြောင်း နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂၄)ရက်(၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇွန်လ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းကိုကို)
ခရိုင်တရားသူကြီး
မြစ်ကြီးနားခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး/တောင်)၊ အောင်မာဃလမ်း၊ မြေကွက်အမှတ်(၂၈ ၇/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ ဒေါ်ယုယုခိုင်(၈/ မဘန (နိုင်)၁၂၈၁၅၇)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ဖြစ်သူ မိမိမှသာလျှင် ယနေ့အချိန်ထိ လက်ဝယ်လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍( ၇-ရက်)အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂ ၇)
အမှတ်( ၇၁၀)၊(၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ Ph: 09-783535003

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သံလွင်ရိပ်မွန်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ တိုက်အမှတ် (A-2)၊ အခန်းအမှတ်(204)၊ ဧရိယာ (622)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားကြောင်း စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ Trusted Person Company Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ် - 115701118) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းဦး ၁၂/ကတန(နိုင်)၀၀၁၉၅၀က ငွေအပြေအကြေပေးချေ၍ အပြီးအပိုင် ဝယ်ယူလက်ရောက် ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးအေးမင်းဦးမှ ၎င်းဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းအား အမည်ပြောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါအမည်ပြောင်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၃-၇-၂၀၂၄)ရက်နောက်ဆုံးထား၍ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးအောင်ဆန်းဦး | ဒေါ်သီဂီအောင် |
| LL.B (စဉ်-၁၈၆၀၈) တရားလွှတ်တော်ရှေ့နေ | LL.B(စဉ်-၄၈၅၇၁) အထက်တန်းရှေ့နေ |

အမှတ် (၉/၁၁)၊ အခန်း (၁၀၁-E)၊ ပထမထပ်၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၇၇၄၉၃၅၂၃၂၊ ၀၉-၆၆၂၉၃၂၀၄၀

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(၂) Grade-12မှ ဦးစိန်ထွန်း၏သား မောင်သက်ထွန်းဦး၏ မွေးသက္ကရာဇ် အမှန်မှာ ၄-၃-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) အနင်း Grade-6 မှ (ဘ)ဦးအောင်မှုန်၏သမီး မယွန်းသက်ထား၏ ဖခင်အမည်မှန်မှာ ဦးအောင်မှုတ် ၁၀/မလမ(နိုင်) ၁၂၀၇၉၈ ဖြစ်ပါကြောင်း။

ဦးအောင်မှုတ်

## မွေးသက္ကရာဇ်အမှန်

အမှတ် ၂၆/က၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်တွင် နေထိုင်သော နိုင်ငံသားစိစစ်ရေးကတ် ၁၂/ဒဂန(နိုင်)၀၂၃၅၁၃ ကိုင်ဆောင်သူ (ဘ) ဟာဂျီ ဦးခင်မောင်ကြီး၏သမီး ဒေါ်ခင်ခင်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၁၉၄၁ ဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 65W/37975, SUZUKI SMASH 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကျော်သူ ၁၄/မအန(နိုင်)၁၄၃၀၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ် ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက်အမှတ်(ဈ/၃၇၁)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဒေါ်နန်းကံ ၁၃/တခလ(နိုင်) ၀၁၁၂၃၅ ထံမှ ကျွန်တော် ဦးသိန်းတိုး ၅/ရဘန(နိုင်)၁၈၁၂၀၆က ပိုင်ဆိုင်မှု စာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ(၂၀၂၄)ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါ မြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့်သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း သက်ဆိုင်ရာရုံးဌာနသို့ ပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသိန်းတိုး**
**၅/ရဘန(နိုင်)၁၈၁၂၀၆**
**ဖုန်း-၀၉-၆၇၁၇၉၅၀၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ မြေကွက်အမှတ်(၂၃၉)၊ အကျယ်အဝန်း(အလျား ၂၅ပေxအနံ၅၀ပေ) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ခန်းတွဲ ၆ထပ်တိုက်၏ တိုက်အမှတ်(၄၉)ပထမထပ်၊B1၊ (၂)လွှာ၊(ခြေရင်းခန်း)၊ တိုက်အားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း (အလျား ၁၂ ½ ပေ x အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်ခင်ဝင့်အေးအေး ၉/မရမ(နိုင်) ၀၀၆၄၇၆ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ဆွေသက် ၁၂/ဒဂန(နိုင်)၀၀၁၃၆၂မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်ဆွေသက်** | **ဒေါ်အေးသူဇာအောင်(LL.B)** |
| **၁၂/ဒဂန(နိုင်)၀၄၇၄၄၀** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)** |
| | **သင်္ဃန်းကျွန်းမြို့နယ် ရှေ့နေများနားနေခန်း** |
| | **သင်္ဃန်းကျွန်းမြို့နယ်တရားရုံး။** |
| | **ဖုန်း -၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄** |

## ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်း မြို့နယ်၊ သွပ်ဝိုင်းကြီး - ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်-(၂၅၅/က-ခ) အကျယ်အဝန်း အလျား(၄၀) x အနံ(၆၀)ပေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ် အဆောက်အအုံမှ(၆-လွှာ) (ပဥ္စမထပ်) တိုက်ခန်းအား အရောင်းအဝယ် ပြုလုပ်မည် ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးဆန်းဦးလွင် ၁၂/သဃက(နိုင်)၀၄၀၂၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြတ်နိုးဦး ၁၂/ဒဂတ(နိုင်)၀၄၇၄၃၂မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြတ်နိုးဦး ၁၂/ဒဂတ(နိုင်)၀၄၇၄၃၂ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအေး (စဉ်-၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇိတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ညောင်လေးပင်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၇

ဒေါ်သီတာစိမ်း နှင့် ဒေါ်အိမွန်ခိုင်(ခ) အေးမိုးထွေး

**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၄) ရပ်ကွက်၊ ဇေယျာမင်းလွင်လမ်းရပ်နေ တရားပြိုင် ဒေါ်အိမွန်ခိုင် (ခ) အေးမိုးထွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာစိမ်းက စုကြေးငွေ (၁၈၃၀၀၀၀၀/-) ကျပ်နှင့် လုပ်ငန်းရင်းနှီးရန် ရယူထားငွေ (၈၀၀၀၀၀၀/-)ကျပ်၊ စုစုပေါင်း (၂၆၃၀၀၀၀၀/-)ကျပ်တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၂ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဇေယျာလှိုင်)**
**မြို့နယ်တရားသူကြီး**
**ညောင်လေးပင်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မင်္ဂလာတောင်ညွန့်မြို့၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း G-7 (B) ကျောင်းဝင်အမှတ် -၀၀၁၉ မနန်းနု ၁၃/နစန(နိုင်)၁၀၇၇၄၅၏ မိခင်အမည်မှန်မှာ ဦးအိုက်လျှန် ၁၃/နစန(နိုင်)၀၉၅၇၀၅ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ (ဘ) ဦးနန္ဒလင်း၏ သမီး အလက (၂)၊ ဗဟန်း Grade (4) အတန်းမှ မအေးအေးမာအား မအိမ့်ဖူးသွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၈၃၄၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးသက်ခိုင် ၁၀/မလမ(နိုင်)၀၁၁၅၇၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/25470, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Yin Min San Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## မှတ်ပုံတင် ဘက်တီးရီးယားသတ်ဆေးဖြန့်ဖြူးသူ အမည်ပြောင်းလဲခြင်း

Zhejiang Xinnong Chemical Co.Ltd, China ဖြင့် P2022-4631 နှင့် မှတ်ပုံတင်ရရှိထားသော ဘက်တီးရီးယားသတ်ဆေး Besun Elite (Zinc Thiazole 30% SC) ဖြန့်ဖြူးရောင်းချမည့်ကိုယ်စားလှယ်အား Golden Lion High Tech Agricultural Resources Company Limited မှ Aka Yarzar Company Limited သို့ လွှဲပြောင်းမည်ဖြစ်ပါသည်။ လွှဲပြောင်းသည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်သို့ (၁၄)ရက်အတွင်း၊ သွားရောက် အကြောင်းကြား ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**BASF Myanmar Limited**

ဖုန်း -၀၁-၈၆၅၀၉၇၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/16281, Honda Scoopy 110 ယာဉ် လက်ဝယ်ရှိသူ Shwe Nyaung Oo Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/76752, Stream-125, M/C ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၉၊ ဦးပိုင်အမှတ်(၁၀၂)၊ ၁၁၃ လမ်း၊ ၅၈(A)ထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသက်နိုင်၏ (SP ရရှိသူ ဒေါ်ကြည်ကြည်လှ) ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၂၈၉၆/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိမွန် ၅/မရန(နိုင်) ၂၂၆၂၃၂ က အမှုတွဲအမှတ် (၁၆၈၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၉၊ ဦးပိုင်အမှတ်(၁၀၇)၊ ၁၁၃ လမ်း၊ ၅၈(A)လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစောလင်း၏ (SP ရရှိသူ ဒေါ်ကြည်ကြည်လှ) ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၂၈၉၅/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိမွန် ၅/မရန(နိုင်)၂၂၆၂၃၂ က အမှုတွဲအမှတ် (၁၆၈၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၀၊ ဦးပိုင်အမှတ်(၇၃ ခဲစင်း)၊ ၅၁ x ၅၂ လမ်းကြား၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ တပ်သားအေးသိန်း ၉/မရတ(နိုင်)၀၁၂၈၇၂ က အမှုတွဲအမှတ်(၁၆၈၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၀၊ ဦးပိုင်အမှတ်(၇၃ ခဲစင်း)၊ ၅၁ x ၅၂ လမ်းကြား၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ တပ်သားအေးသိန်းထံမှ မှတ်ပုံတင် အရောင်း အဝယ်စာချုပ်အမှတ်(၄၂၆၁/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးသန့်ဝင်း ၉/မရမ(နိုင်)၀၀၁၈၆၉ က အမှုတွဲအမှတ် (၁၆၈၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ ဗိုလ်မြဒင်လမ်း၊ မြေကွက်အမှတ် (၂၄၆)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးကျော်စိန် (CM-၀၀၉၂၈၉) အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးငြိမ်းချမ်းအောင် (၅/ ရဥန (နိုင်) ၀၈၅၂၆၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၆-၂၀၂၄ ရက် မြန်မာ့အလင်း သတင်းစာ၊ ကြော်ငြာ(၂၉) ၏ ကြော်ငြာစာတွင် ဒေါ်အေးယုံ၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၂၄/ ၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအိုက်ကွေအစား၊ အထူး ကိုယ်စားလှယ်လွှဲစာ အမှတ်(၁၁၂၃/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအိုက်ဖတ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## "အမည်မှန်"

ကြံခင်းမြို့၊ ရွာသစ်ရပ်ကွက်၊ အင်းလပ်အရှေ့အ မ.က.G.1 မှ (ဘ) ဦးမြင့်လှိုင် ၁၄/ကခန(နိုင်)၀၆၀၅၀၆ ၏သားဖြစ်သူ မောင်အောင်ကောင်းပြည့် ၏ အမည်မှန်မှာ မောင်ရှိုင်းလင်းခန့် ဖြစ်ပါသည်။

**မောင်ရှိုင်းလင်းခန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/19037, Honda Click-150, M/C ယာဉ် လက်ဝယ်ရှိသူ Shwe Khine Soe Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/72207, Kenbo-125, M/C ယာဉ်လက်ဝယ် ရှိသူ Aung Kanbo Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/32797, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Ka Thit Sun Mon Star Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## မှတ်ပုံတင် ပေါင်းသတ်ဆေးဖြန့်ဖြူးသူ အမည်ပြောင်းလဲခြင်း

BASF SE, Germany ဖြင့် P2023-5162 နှင့် မှတ်ပုံတင်ရရှိထားသော ပေါင်းသတ်ဆေး Tetris 75 EC (Profoxydim 7.5% EC) ဖြန့်ဖြူးရောင်းချမည့်ကိုယ်စားလှယ်အား Farm Link Company Limited မှ Marga Min Company Limited သို့ လွှဲပြောင်း မည်ဖြစ်ပါသည်။ လွှဲပြောင်းသည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်သို့ (၁၄)ရက် အတွင်း သွားရောက်အကြောင်းကြား ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**BASF Myanmar Limited**

ဖုန်း - ၀၁-၈၆၅၀၉၇၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက် အမှတ် သ-၁၀၊ ဦးပိုင်အမှတ်(၄၈)၊ ၅၆ လမ်း၊ ၁၄၀ x ၁၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လူရှောက်ခင်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၁၄၅၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မာမာဝေ ၁၃/မဆတ(ပြု) ၀၀၀၀၉၉ က အမှုတွဲအမှတ်(၁၆၇၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ-၆၊ ဦးပိုင်အမှတ်(၆၀)၊ ၆၈(B)လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ခိုင်၏ (SP ရရှိသူ ဒေါ်သူဇာလွင်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၁၆၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဥမ္မာ ၁၃/မရတ(ညှော့)၀၀၀၀၂၇ က အမှုတွဲအမှတ် (၁၆၇၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၁၆၊ ဦးပိုင်အမှတ်(၇၀)၊ ၆၀(A) x ၆၀(B) လမ်းကြားရှိ ၁၃၅ x ၁၃၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အိဖြူလွင်၊ ဒေါ်ပန်းဖြူလွင်၊ ဦးမင်းထက် လွင်တို့ ၏(SP ရရှိသူ ဦးကျော်ကျော်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၉၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခင်ညွန့် ၁၃/ကခန(နိုင်)၀၅၀၆၆၂ က အမှုတွဲအမှတ်(၁၆၈၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၅၃၊ ဦးပိုင်အမှတ်(၂+၁၉)၊ ၅၆ x ၅၇ လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီး လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်မှူးအေးကို၊ ဒေါ်လှလှအေးတို့ ၏ (SP ရရှိသူ ဦးတင်ရွှေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၀၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းသက်စုလှိုင်ထွန်း ၉/ပမန(နိုင်)၀၀၁၆၄၃ က အမှုတွဲအမှတ် (၁၆၇၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ရွှေပြည်သာမြို့နယ် တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀

| | | |
|---|---|---|
| ဦးတင်လှ ပါ(၃) | နှင့် | ဦးဝင်းမြင့် ပါ(၃) |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဈ/၃၄/၁၀)ရပ်ကွက်၊ ကျုံပျော်လမ်း၊ အမှတ်(၃၄၉/ခ)၊ ရွှေပြည်သာမြို့နယ်နေ တရားပြိုင် ဦးဝင်းမြင့်နှင့် ဒေါ်လှမြင့် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများဖြစ်သည့် ဦးတင်လှ၊ ဒေါ်မြင့်မြင့်ကျင်၊ ဒေါ်ရှုတီတို့က "တစ်ဖက်သက် ဒီကရီအားပယ်ဖျက်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်မည်ရေးသားပါရှိသူ တရားလို၏ စာဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုမြတ်သန္တာထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ဝ.၄၊ ဦးပိုင်အမှတ်(၆၂)၊ ၁၁၄ x ၁၁၅ လမ်းကြား၊ ၇၁ x ၇၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါက်တာကျော်လင်းဦး၏ (SP ရရှိသူ ဒေါ်ယဉ်ယဉ်စိန်)ထံမှ မှတ်ပုံတင် အရောင်း အဝယ်စာချုပ်အမှတ်(၁၁၅၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးခွန်မင်းဆွေ ၁၃/တကန(နိုင်)၀၄၈၇၂၅ က အမှုတွဲအမှတ် (၁၇၀၁/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် လလ-၂၈၊ ဦးပိုင်အမှတ်(၃၉+၄၀)၊ ၅၈ x ၅၉ လမ်းကြား၊ ကနောင်မင်းသားကြီး x မကွ္ခရာ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစန်းဝင်းထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၁၅၉၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းဝေကြည် ၁/မကတ(နိုင်)၀၀၀၂၁၄ က အမှုတွဲအမှတ်(၁၆၇၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၁)၊ ဦးပိုင်အမှတ်(၈၂)၊ ၁၄၁ လမ်း၊ ၆၄ x ၆၅ လမ်းကြားရှိ ဦးမျိုးမြင့် အမည်ပေါက် ဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၉၃/၂၀၂၃)တွင် ၂၇-၁၂-၂၀၂၃ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရ ဦးမျိုးမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၃၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းမြင့် ၉/မခန(နိုင်)၁၀၄၃၈၄ က အမှုတွဲအမှတ် ၁၆၈၁/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/89862, Yin Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/28548, Yamaha Fino-110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Princess Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အခြေခံပညာမူလတန်းကျောင်း၊ သဘော်ဆိပ်ရပ်၊ ထားဝယ်မြို့ တင်ဒါကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်၊ အခြေခံပညာမူလတန်းကျောင်းရှိ သစ်သား(၂)ထပ်၊ (၈၀x၄၀)ပေ အဆောင်ဟောင်းအား အများမျက်မြင်အခြေအနေအတိုင်း ဖျက်သိမ်းရန်အတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၂၄ရက်(ကြာသပတေးနေ့) ရုံးချိန်အတွင်း

၃။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - အမက-သဘော်ဆိပ် (ထားဝယ်)ရုံးခန်း

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၃-၇-၂၀၂၄ရက် ညနေ ၃နာရီ အထိ

၅။ **တင်ဒါလျှောက်လွှာ တင်သွင်းမည့်နေရာ** - အမက-သဘော်ဆိပ် (ထားဝယ်) ရုံးခန်း

၆။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၂၂၁၉၇၁၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ (၁၇-I)၊ မြို့တွင်း အရှေ့ရပ်၊ ဦးပိုင်(၄၄-ဓ)၊ ဧရိယာ(၀.၀၄၄)ဧကရှိ ဘိုးဘပိုင် မြေအား ဒေါ်မြင့်ရီ၊ ဒေါ်ရီရီမြင့်အမည်သို့ အမည်ပြောင်းလျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်ရီ၊ ဒေါ်ရီရီမြင့်**
**ဖုန်း-၀၉-၅၃၀၁၇၂၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ဇေယျာဝတီရပ်ကွက်၊အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(၄၃၂)၊ မြေဧရိယာ(၀ဒသမ၀၇၈)ဧကရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်မြညွန့် အမည်ပေါက်ပြီး အမည်ပေါက်သူမိဘဖြစ်သူ ဒေါ်မြညွန့်ကွယ်လွန်သဖြင့် ၎င်း အမည်ပေါက်အိမ်မြေကွက်အား(၁၃-၆-၂၀၂၄)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၂၈/၂၀၂၄)အရ ဒေါ်ခင်စောဝင်း(ခ)ဒေါ်ဥညြ၊ ဒေါ်အေးတင်၊ ဦးမောင်မောင်လွင်(ခ)ရန်ကင်းမောင်နှင့်ဒေါ်လှလှဌေးတို့မှ ၎င်းတို့အမည်သို့အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ရက်(၃၀)အတွင်း စာရွက်စာတမ်း မူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

